မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း

ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် **General Songkitti Jaggabatara** နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်၊ ထိုင်း(ကြည်း)တပ် စစ်သံမှူး၊ ထိုင်း(ရေ)တပ် စစ်သံမှူး၊ ထိုင်း(လေ)တပ် စစ်သံမှူးနှင့် ၎င်းတို့၏ဇနီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏အထူးလေယာဉ်သည် နံနက် ၁၀နာရီတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် *စာမျက်နှာ ၃ ကော်လံ ၅* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General Songkitti Jaggabatara** နှင့် ဇနီးတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

27-1 (01).pmd 1 1/27/2009, 1:36 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက်)

ဒေသခံပြည်သူများ ဖွံ့၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကြိုးပမ်း လေဘေးသင့်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖော်ဆောင်ရင်း ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံလူသားချင်းစာနာမှု အထောက်အကူပေးရေး ပင်မအဖွဲ့၏ ပဉ္စမအကြိမ် အစည်းအဝေးနှင့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်က ထိုင်းနိုင်ငံ၌ကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

တစ်ဖန် မုန်တိုင်းသင့်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာရန် နော်ဝေးနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက်က ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့၊ မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာ၊ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံခဲ့ကြသည်။

အဆိုပါ ပြည်ပအဖွဲ့အစည်းများသည် လေဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်လျက်ရှိသော အိမ်ရာစီမံကိန်း၊ စာသင်ကျောင်း၊ နေရောင်ခြည်သုံးဓာတ်အားပေးရုံ၊ ဆေးပေးခန်း၊ ငါးဖမ်းလေ့ဆောက်လုပ်မှု၊ ဖြန့်ဝေမှု၊ စိုက်ခင်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများကို မူလအနေအထားအတိုင်း အပြည့်အဝဖြစ်ရန်၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရန်၊ မြို့နှင့်ကျေးရွာများကို မြို့အင်္ဂါ၊ ကျေးရွာအင်္ဂါရပ်များနှင့်အညီ စနစ်တကျဖြစ်စေရန်၊ ခေတ်မီဖွံ့ဖြိုး စည်ပင်သာယာစေရန် ကြိုးပမ်းဖော်ဆောင် လျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ စေတနာရှင်များ၏ ကူညီပံ့ပိုးမှု၊ လေဘေးသင့်ဒေသခံပြည်သူများ၏ မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယ၊ နိုးကြားသော အသိစိတ်ဓာတ်ကြောင့် လေဘေးသင့်ဒေသများသည် ယနေ့အချိန်အခါတွင် တိုးတက်လာခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတံတား(ရတနာပုံ)၌ တံတားကြံ့ခိုင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စစ်ကိုင်းမြို့ရှိ သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက တံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သံကူကွန်ကရစ်

သီရိမင်္ဂလာ ခုံးကျော်တံတားမှာ စစ်ကိုင်းမြို့အတွင်းရှိ မီးရထားလမ်းကို ဖြတ်ကျော်တည်ဆောက်နေသည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည် ၄၈၅ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေဖြစ်ကာ တံတားခံနိုင်ဝန်တန် ၆၀ရှိမည့် တံတားဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မျိုးချစ်တပ်မတော်
၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်
၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၁၉)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၄)

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်တို့က အမှာစကားပြောကြားကြသည်။

ဖတ်ကြားတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်မောင်က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အစည်းအဝေးက အတည်ပြုသည်။

အမှာစကားပြောကြား

ယင်းနောက် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်က အသင်းသို့လှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ နိဂုံးချုပ် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ များနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များ အသင်း (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် အမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)

ပညာရေးစုံညီပွဲတော် စစ်တွေ၌ကျင်းပ

စစ်တွေ ဇန်နဝါရီ ၂၆

ရခိုင်ပြည်နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးဝင်းဆွေက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထူးချွန်ဆုရ ဆရာနှင့် ကျောင်းသား ကျောင်းသူများအား ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ ဇနီးဒေါ်ယဉ်ယဉ်နုနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ဇန်နဝါရီ ၂၄ရက်က တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ကျိုက္ကဆံလမ်းတစ်လျှောက်တွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၁)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

စာရေးဆရာလှိုင်သင်း၏ အင်္ဂလိပ်အသံ အမှန်ထွက်စေဖို့ စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

စာရေးဆရာလှိုင်သင်း၏အင်္ဂလိပ်အသံ အမှန်ထွက်စေဖို့ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ဆရာနှင့်တပည့် ဗျည်းသံများ၊ သရသံများ၊ အမေနှင့်သား၊ အသံထွက်များ၊ မလေးတို့သားအမိ၊ နာမည်များ၊ အသံထွက်အဘိဓာန်၊ တစ်ဦးဆိုင် နာမ်များ၊ လူနာမည်များနှင့် နာမည်အတိုကောက်များစသည်ဖြင့် အခန်း၂၆ခန်း ပါရှိပြီး စာမျက်နှာ ၁၈၂မျက်နှာ ပါရှိကာ စာအုပ်နှင့်အတူ ဒီဗွီဒီတစ်ချပ် ပူးတွဲပါရှိသည်။

ဖြန့်ချိ

ယင်းစာအုပ်ကို ပါရမီစာပေ အမှတ်၁၃၀ ၂၉လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၃၂၄၆ မှ တာဝန်ယူဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယ၌ သာယာပြီး ပါကစ္စတန်၌ မိုးရွာနိုင်သည့် တောင်အာရှဒေသနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၆

တောင်အာရှဒေသမှ နိုင်ငံအချို့၏ ဇန်နဝါရီ ၂၆ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသော ရာသီဥတုအနေအထားများကို အင်တာနက်မှ ရယူဖော်ပြလိုက်ပါသည်-

အိန္ဒိယ

အိန္ဒိယနိုင်ငံတစ်ဝန်း ဇန်နဝါရီ ၂၆ရက်က နေရာဒေသအများအပြားတွင် သာသာယာယာရှိခဲ့သည်။ တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန် ၂၅ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး မွမ်ဘိုင်းမြို့တွင် နေ့အပူချိန် ၂၄ဒီဂရီစင်တီဂရိတ်ရှိခဲ့သည့်အပြင် ညအပူချိန် ၁၂ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အနောက်ဘက်မှ လေအေးများ တစ်နာရီ ခြောက်မိုင်နှုန်းတိုက်ခတ်ခဲ့ပြီး အိန္ဒိယနိုင်ငံ အနောက်ပိုင်းဒေသများ၌ နံနက်ပိုင်း ဆီးနှင်းများ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့အပူချိန်များ သိသိသာသာတိုးမြင့်မှု မရှိဘဲ သာသာယာယာ ရှိနိုင်မည်ဖြစ်သည်။ အနောက်မြောက်ဘက်မှ တစ်နာရီမိုင် ၃၀ နှုန်းလေများ တိုက်ခတ်နိုင်သော်လည်း ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်သာ ရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၂၆ရက်က ပျမ်းမျှအပူချိန် ၂၄ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ ကရာချိမြို့တွင် တိမ်များဖြစ်ထွန်းခဲ့ပြီး အနောက်ပိုင်း ဒေသအချို့၌ မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ နေ့အပူချိန် ၁၇ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနိုင်ပြီး ညအပူချိန်များ အနည်းငယ်ပြန်တက်နိုင်သည်။ ပါကစ္စတန်ကမ်းလွန်တွင် တစ်နာရီမိုင် ၄၀နှုန်းဖြင့် မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး လှိုင်းကြီးနိုင်သည်။ တစ်နိုင်ငံလုံး တိမ်ဖြစ်ထွန်းမှုများရှိနိုင်ပြီး အချို့ဒေသများ၌ မိုးအနည်းငယ် ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

နီပေါ

နီပေါတစ်နိုင်ငံလုံး ဇန်နဝါရီ ၂၆ရက်က သာယာခဲ့ပြီး ပျမ်းမျှအပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တောင်ဘက်မှ တစ်နာရီ ၁၃မိုင်နှုန်း လေများ တိုက်ခတ်ခဲ့သော်လည်း မြောက်ပိုင်းဒေသအချို့၌ နံနက်ပိုင်း ဆီးနှင်းများ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့အပူချိန်များကျဆင်းကာ နိုင်ငံအရှေ့မြောက်ပိုင်းဒေသအချို့၌ မိုးရွာသွန်းနိုင်သည်။ ကျန်ဒေသများ၌ သာယာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံတစ်ဝန်း ဇန်နဝါရီ ၂၆ရက်က ပျမ်းမျှအပူချိန် ၃၀ဒီဂရီစင်တီဂရိတ်ရှိခဲ့သော်လည်း သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းဒေသတို့၌ မိုးအနည်းငယ် ရွာသွန်းခဲ့သည်။ သို့သော် မြောက်ပိုင်းဒေသအချို့၌ နံနက်ပိုင်း ဆီးနှင်းများ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်မြောက်လေများတိုက်ခတ်နိုင်ပြီး မြောက်ပိုင်းဒေများတွင် မိုးရွာသွန်းနိုင်သည်။ ကိုလံဘိုမြို့တွင် နေပူလိုက် မိုးရွာလိုက်ဖြစ်နိုင်ပြီး ကျန်ဒေသများ၌ သာယာမည်ဟု ခန့်မှန်းထားသည်။ ။ **အင်တာနက်**

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၆၅၂ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "အသံများ၊ နေရာဒေသများ၊ သဘာဝတရားများအပြင် စာလုံးများနှင့် စာသားအဓိပ္ပာယ်ပေါ်၌ပင် တုံ့ပြန်မှုရှိနေသည့် ရေ၏ အံ့မခန်းစွမ်းရည်" အထူးဆောင်းပါးနှင့် မြန်မာနိုင်ငံ၏ ပထမဆုံး လျှပ်စစ်ကားများကို ဈေးကွက်အတွင်း ရောင်းချတော့မည်၊ မြန်မာသင်္ဘောသားနှစ်ဦး ရေခဲထည့်သည့် သေတ္တာဖြင့် ငါးမန်းပေါများသော ပင်လယ်ပြင်အတွင်း ၂၅ရက်လုံးလုံး မျောပါနေခဲ့ပြီးနောက် ရဟတ်ယာဉ်က ကယ်ဆယ်ခဲ့၊ ကိုရီးယားရုပ်သံအဖွဲ့ အင်းလေးဒေသတွင် ရုပ်ရှင်ရိုက်ကူးမည်၊ မြန်မာသင်္ဘောသားများအတွက် ပင်လယ်ဓားပြအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထား၊ ဟင်းသီးဟင်းရွက်ပင်အချို့ကို မြေကြီးမပါဘဲ ရေထဲတွင်စိုက်ပျိုး၊ အခမဲ့ကြည့်ရှုနိုင်သည့် မြန်မာဘာသာဖြင့် ဘောလုံးဝက်ဘ်ဆိုက်အသစ်ထွက်ပေါ်လာ၊ ပူတာအိုဒေသရှိ ဧက ၁၀၀၀ခန့် မြေနေရာကို အမျိုးသားသဘာဝ သားရိုင်းဥယျာဉ်ကြီးအဖြစ် စတင်ဆောင်ရွက်၊ နာမည်ကျော် အနုပညာရှင်များ ခန့်မှန်းသည့် အကယ်ဒမီ၊ လင်းပိုင်များနှင့် ခရီးသွားဦးမည့် လွင်မိုး၊ အကယ်ဒမီဇန်းကိုင် မင်းသမီးလေးများ၏ ရွှေရင်ထဲက ရွှေစကားများ၊ မိုးဒီနှင့် သူ၏ကျန်းမာရေး၊ ကမ္ဘာ့အကြီးဆုံး ဇိမ်ခံသင်္ဘောတစ်စင်းပေါ်၌ ဇာတ်ကားရိုက်ကူးရန် မြန်မာရုပ်ဆောင်အဖွဲ့ ရှေ့လတွင် ပြည်ပသို့သွားမည်၊ ကမ္ဘာ့ အဋ္ဌမမြောက်အံ့ချီးဖွယ် အဆောက်အအုံကြီး ပေါ်ထွက်လာ၊ ကျောက်ကပ်တွင်တည်သည့် အုန်းသီးအရွယ်ရှိ ကမ္ဘာ့အကြီးဆုံးကျောက်ကို ခွဲစိတ်ဖယ်ရှားခဲ့ရ၊ အိုဘားမား ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားသို့ ပန်းကန်ပြားပျံ ဖြတ်ပျံသန်းသွားခဲ့လေသလား၊ ရေချိုးခန်းထဲ ချော်လဲရာမှ ဘုံပိုင်ခေါင်းတစ်ခုလုံး မျက်နှာထဲ ဖောက်ဝင်သွားသော်လည်း အသက်မသေ၊ အိုဘားမားက ဂွန်တာနာမိုအကျဉ်းထောင်ကို ပိတ်ရန် အမိန့်ထုတ်ပြန်၊ မယ်ကမ္ဘာပြိုင်ပွဲဝင်ရန် နောက်ဆုံးအဆင့် ရွေးချယ်ခံရသည့် အလှမယ် လက်များနှင့် ခြေထောက်များ ဖြတ်ပစ်လိုက်ရ၊ ပင့်ကူမျှင်ကဲ့သို့ အမျှင်များ မှုတ်ထုတ်ပြီး ပိုက်ကွန်ဖြင့်အုပ်ကာ ဖမ်းနိုင်သည့် သူခိုးဖမ်းစက်ရုပ်တီထွင်… စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုရှစ်မျက်နှာနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်စီးပွားရေးပြန်လည်ဦးမော့လာစေရေးကြိုးပမ်းရန်

သမ္မတအိုဘားမား တိုက်တွန်းပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၆

အမေရိကန်သမ္မတ ဘားရတ်အိုဘားမားက အမေရိကန်စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် မကြုံစဖူးထူးကဲစွာ ကြိုးပမ်းဆောင်ရွက်ကြရန် ဇန်နဝါရီ ၂၄ ရက်က တိုက်တွန်းလိုက်သည်။

အမေရိကန်စီးပွားရေးသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလကတည်းကစတင်ကျဆင်းခဲ့သည်။

မိမိတို့အနေဖြင့် သတ္တိရှိရှိ၊ မြန်မြန်ဆန်ဆန်မဆောင်ရွက်လျှင် ဆိုးရွားသောစီးပွားရေးအခြေအနေမှာ အကြီးအကျယ်ပိုမိုဆိုးရွားသွားနိုင်ကြောင်း သမ္မတအိုဘားမားက အိမ်ဖြူတော်၌ ပထမဆုံးကျင်းပသော အပတ်စဉ် ရေဒီယိုမိန့်ခွန်း၌ တိုက်တွန်းပြောကြားလိုက်သည်။

သတိပေး

ဘာမျှ ဟုတ်တိပတ်တိမလုပ်လျှင်မူ အလုပ်လက်မဲ့နှုန်းမှာ ဂဏန်းနှစ်လုံးအထိ တိုးသွားနိုင်ကြောင်း အိုဘားမားက သတိပေးလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ကွမ်တုန်မြို့၌ တရုတ်နှစ်သစ်ကူးပွဲတော်အတွင်း လမ်းများတစ်လျှောက် စည်ကားလျက်ရှိသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

၂၀၀၉ ခုနှစ် တရုတ်လူနာနှစ်သစ်ကူးပွဲတော် ခြိမ့်ခြိမ့်သဲ ဆင်နွှဲ

ပေကျင်း ဇန်နဝါရီ ၂၆

တရုတ်နိုင်ငံတစ်ဝန်း၌ ၂၀၀၉ခုနှစ် လူနာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ၂၅ရက်က ခြိမ့်ခြိမ့်သဲကျင်းပကြရာ တရုတ်သမ္မတ ဟူကျင်တောင်၊ ဝန်ကြီးချုပ်ဝမ်ကြားပေါင်နှင့် တရုတ်ထိပ်တန်းခေါင်းဆောင်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပျော်ရွှင်စရာနှစ်သစ်ကူး

၂၀၀၉ခုနှစ် လူနာနှစ်သစ်ကူးပွဲတော်သို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သဝဏ်လွှာပေးပို့ရာ၌ ကမ္ဘာတစ်ဝန်းရှိ တရုတ်နိုင်ငံသားအားလုံးနှင့် တရုတ်ပြည်သူများထံသို့ ပျော်ရွှင်စရာနှစ်သစ်ကူးဖြစ်ပါကြောင်း ပါရှိသည်။

စည်ကား

တရုတ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများဖြစ်ကြသော ပေကျင်း၊ ရှန်ဟိုင်း၊ စီချွမ်၊ ကွမ်ကျိုးနှင့် ကွမ်တုန် စသည့်မြို့များတွင် ပျော်ပွဲရွှင်ပွဲများ၊ မီးရှူးမီးပန်းများနှင့် ဖျော်ဖြေရေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ပေကျင်းမြို့တော် တစ်မြို့တည်း၌ပင် လူနာနှစ်သစ်ကူးပွဲတော်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၅ဒသမ ၂ သန်းသုံးစွဲခဲ့ကြရာ ယခင်နှစ်ကထက် ၁၃ ဒသမ ၄ရာခိုင်နှုန်း ပိုမိုသုံးစွဲခဲ့ကြသည်။

ညလုံးပေါက်

ထို့အပြင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသော တရုတ်နိုင်ငံသားများက မိခင်တရုတ်နိုင်ငံသို့ နှစ်သစ်ကူးပွဲတော်ရက်အတွင်း ပြန်လည်ရောက်ရှိဆင်နွှဲကြရာ တရုတ်မြို့ကြီးများ၌ ညလုံးပေါက် ပျော်ပွဲရွှင်ပွဲများဖြင့် ဝှဲချီးဆင်နွှဲခဲ့ကြသည်။ **(အင်တာနက်)**

ကန်စစ်ရဟတ်ယာဉ်နှစ်စင်း အီရတ်ဝေဟင်၌တိုက်မိ လေးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၂၅ရက်က အမေရိကန်စစ်ဘက် လေယာဉ်နှစ်စင်း တိုက်မိခဲ့ကြရာ တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၂၆ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံးသူများသည် အမေရိကန်၏ အပေါင်းပါ တပ်ဖွဲ့ဝင်များဖြစ်ကြောင်း အမေရိကန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုခဲ့သော်လည်း အသေးစိတ်ကိုမူထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ချေ။

သို့သော်လည်း ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ၁၅မိနစ်က ဖြစ်ပွားခဲ့သော အဆိုပါဖြစ်ရပ်သည် အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်တွင် ရှိပြီး မြို့တော်ဘဂ္ဂဒက်မှ ၁၅၅မိုင်အကွာရှိ ကယ်ကွတ်မြို့အနီး ဝေဟင်၌ စစ်ရဟတ်ယာဉ်နှစ်စင်း တိုက်မိရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယင်းပြည်နယ်မှ ရဲအကြီးအကဲတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုဖြစ်ရပ်မတိုင်မီ ၂၀၀၈ခုနှစ် စက်တင်ဘာလအတွင်းက အမေရိကန် စစ်ရဟတ်ယာဉ် ပျက်ကျကာ သေဆုံးမှု နောက်ဆုံးဖြစ်ပွားခဲ့သည်။ အီရတ်တွင် အမေရိကန်စစ်ဘက်ဝန်ထမ်း ၁၅၀၀၀၀ တပ်ဖြန့်ချထားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် အသေခံကားဗုံးပေါက်ကွဲမှု၌ ထိခိုက်ဒဏ်ရာရရှိသည့် အမျိုးသမီးတစ်ဦး ဆေးဝါးကုသမှုခံယူလျက်ရှိသည်ကို ဇန်နဝါရီ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မင်နီဆိုးတားသို့ အစာအဆိပ်သင့်သေဆုံးမှုအပါအဝင် အမေရိကန်တွင် သေဆုံးသူခုနစ်ဦးရှိသွားပြီ

ချီကာဂို ဇန်နဝါရီ ၂၆

မင်နီဆိုးတားပြည်နယ်မှ အသက် ၈၀ ကျော် အမျိုးသမီးကြီးတစ်ဦး အစာအဆိပ်သင့်သေဆုံးသဖြင့် အမေရိကန် နိုင်ငံတစ်ဝန်းတွင် အစာအဆိပ်သင့် သေဆုံးသူစုစုပေါင်းခုနစ်ဦး ရှိသွားပြီဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

သေဆုံးသည့်နေ့ရက်နှင့် သေဆုံးသူ၏အမည်ကို ပြည်နယ်ကျန်းမာရေးဌာနက မဖော်ပြသော်လည်း သူမသည် ပြည်နယ်အတွင်း အစာအဆိပ်သင့်၍ သေဆုံးရသူများတွင် တတိယမြောက် သေဆုံးသူဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ထုတ်လုပ်

အမေရိကန်နိုင်ငံ၌ အစာအဆိပ်သင့်မှု စတင်ဖြစ်ပွားရခြင်းမှာ ဂျော်ဂျီယာပြည်နယ်ရှိ အမေရိက ဘလာကယ်လီ မြေပဲကုမ္ပဏီမှ ထုတ်လုပ်သော မြေပဲထောပတ်များ မသန့်ရှင်းမှုကြောင့် ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

အစားအစာ အများအပြားတွင် ထိုမြေပဲထောပတ်ကို ထည့်သွင်းအသုံးပြုကြသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဖီလာဒဲဖီးယား မီးလောင်မှု၌ နေအိမ် ၁၅ လုံးပျက်စီး

နယူးယောက် ဇန်နဝါရီ ၂၆

အမေရိကန်နိုင်ငံ ဖီလာဒဲဖီးယားပြည်နယ်၌ ဇန်နဝါရီ ၂၅ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် နေအိမ်တန်းလျား ၁၅ လုံး မီးလောင်ပျက်စီးခဲ့ကာ လူ ၁၀၀ ဝန်းကျင် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

၂၀၀၈ ခုနှစ်မှစတင်၍ ဖီလာဒဲဖီးယား၌ မီးကွင်းပစ်မှု သို့တည်းမဟုတ် ရှို့မီးကြောင့် မီးလောင်မှု အနည်းဆုံး ၃၀ ဖြစ်ပွားခဲ့သည်။ ယင်းတို့အနက်မှ ထက်ဝက်ခန့်မှာ ပြီးခဲ့သည့် သီတင်းသုံးပတ်အတွင်း ဖြစ်ပွားခဲ့ရာ အာဏာပိုင်များက အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာလိုက်သည်။

ယခုမီးလောင်မှုမှာလည်း ရှို့မီးဖြစ်ကြောင်း၊ သို့အတွက် ဒေသခံများမှာ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပွားနေကြကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်၏ ဒုံးကျည်ပစ်ခတ်မှု ပါကစ္စတန်သမ္မတ ကန့်ကွက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်ချင်းဆက်နေသည့် ပါကစ္စတန်နိုင်ငံတောင်နှင့်မြောက် ဝါဇီရစ္စတန်ပြည်နယ်အတွင်း အမေရိကန်တို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီက ဇန်နဝါရီ၂၄ရက်တွင် ကန့်ကွက်လိုက်သည်။

ပျက်ပြားစေနိုင်

ယင်းကဲ့သို့သော တိုက်ခိုက်မှုများက အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲကို ထိခိုက်ပျက်ပြားစေနိုင်ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ပက်တာဆန်အား ပါကစ္စတန်သမ္မတဇာဒါရီက သတိပေးပြောကြားလိုက်သည်။

ပြောကြား

စစ်သွေးကြွများအား နှိမ်နင်းရေးမှာ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တာဝန်သာဖြစ်ကြောင်း သမ္မတဇာဒါရီက ထည့်သွင်း ပြောကြားသည်။ အမေရိကန် အစိုးရသစ်အနေဖြင့် ထိုသို့သော မောင်းသူမဲ့ယာဉ်များမှ ဒုံးကျည်ပစ်ခတ်မှုမျိုး ရပ်စဲသင့်ကြောင်း ၎င်းကပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ဒုတိယအကြိမ် ရွှေပြားများလှူဒါန်းပွဲအခမ်းအနားကို စေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ဒုတိယအကြိမ် ရွှေပြားများလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ဒုတိယအကြိမ် ရွှေပြားများလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယဝန်ကြီးများ၊ ဥပ္ပါသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် တပ်မတော်(လေ) အရာရှိ/စစ်သည်မိသားစုများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ တရားရုံးချုပ် တရားရေးမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မိသားစုများက သုံးကျပ်သား ရွှေပြား ငါးချပ်၊ ပျဉ်းမနားသဲဖြူတပ်နယ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ/စစ်သည် မိသားစုများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံး သားသမီး မြေးတစ်စုက သုံးကျပ်သား ရွှေပြားနှစ်ချပ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသိင်္ဂီ၊ သား ကိုဘုန်းပိုင်ဦးနှင့် ဒေါက်တာစုစုလှိုင်၊ သမီး မဖြူသန့်ပိုင် မိသားစုက သုံးကျပ်သားရွှေပြား တစ်ချပ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေးမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ သားသမီးများ၊ ဗိုလ်ကြီးခင်ဇော်ဟိန်း-မဆုသစ်သစ်ထွန်း၊ ဗိုလ်လောင်းမြင့်မောင်မောင် မိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်ဇနီး ဒေါ်မေကြည်စိန်၊ သား မောင်သောင်းနေဦး၊ သမီး ဒေါက်တာသုနန္ဒာသောင်း မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်တင်မမထွန်း၊ နှမ ဒေါ်ခင်ညိုညိုလှိုင်၊ သားသမီး မြေးတစ်စုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင် သားသမီး မြေးတစ်စုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး ဇနီး ဒေါ်အေးအေးမြင့်၊ သားသမီးများနှင့် ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အောင်-ဒေါ်စန္ဒာဦး၊ ဒေါက်တာဥမ္မာဦး၊ ဦးနေလင်းဦး၊ ဒေါ်ဖြူသွယ်မော်၊ မြေး (လမင်းသာဦး)၊ မောင်ဖွဲ့စည်သူဦးတို့က သုံးကျပ်သားရွှေပြား တစ်ချပ်၊ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးမှ ဗိုလ်မှူးချုပ်ခင်မောင်စိုး ဇနီး ဒေါ်ကြည်ကြည်စန်း မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်နှင့်ဇနီး ဒေါ်ငွေငွေသန်း၊ သား မောင်ပြည့်ဖြိုး ဆယ်မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း နေပြည်တော်လယ်ဝေးမှ သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အဘ ဦးအောင်သန်း-အမိ ဒေါ်ခင်ညွန့် တို့အား အမှူးထား၍ နေပြည်တော်ပျဉ်းမနား ရွာကောက်မြို့သစ်ရပ်နေ ဦးငွေအောင် (လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း)နှင့်ဇနီး၊ ညီ၊ ညီမ သားသမီးများ မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေ ဇေဒင်အုပ်စု ကုမ္ပဏီလီမိတက်မိသားစုက သုံးကျပ်သား ရွှေပြား ၁၀ချပ်၊ အောင်လံမြို့နယ် သီးကုန်းကျေးရွာ (သူကြီး) ဦးထွန်းစိန်၊ ဒေါ်ချစ်တို့အားရည်စူး၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ရန်ကင်း ရန်ကုန်မြို့နှင့် သားသမီး မြေးမြစ်တစ်စုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နေပြည်တော် ပျဉ်းမနား ရွာကောက်ရပ်နေ ဦးအောင်လွင်နှင့် ဇနီး ဒေါ်အေးအေးမာ၊ သမီး အေးသဥ္ဇာလွင်၊ သား မောင်အောင်မင်းခန့်၊ မောင်နေဘုန်းလွင်၊ အောင်လွင် ကွန်ကရစ်လုပ်ငန်း မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့ မြင်းဘတ်ရပ်ကွက်နေ ဦးကျော်ဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ သား ကိုကျော်စန်းလွင်၊ ဗိုလ်ကြီးမောင်မောင်မြင့်ဟန်၊ မောင်အောင်ကျော်မင်း၊ သမီး မမြမြစု ရွှေရတနာဆိုင်မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နေပြည်တော် ကံ့ကော်အိမ်ရာ တိုက်၂၂၀ အခန်း ၀၂နေ (ဦးကျင်ရွှေ)၊ ဒေါ်မှီ သားသမီးမြေးတစ်စုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ခရမ်းမြို့(ဦးကြင်-ဒေါ်အေးရီ)နှင့် ပခုက္ကူမြို့ ဦးထွန်းရွှေ-ဒေါ်ခင်စောရီတို့အား အမှူးထား၍ နေပြည်တော်ရေဆင်းရွာနေ ဦးစိန်အောင်လှိုင်နှင့်ဇနီး ဒေါ်ခင်ဖြူ၊ သား မောင်လှိုင်နေထွန်း-ဒေါ်ဆွေဆွေသန်း၊ သမီး မခင်ပပလှိုင်၊ မခင်ငြိမ်းချမ်းလှိုင်၊ သား မောင်လှိုင်သူထွန်း (မောင်သူငြိမ်းစတိုး) မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးဝင်းခန့်နှင့် ဒေါက်တာဒေါ်ဝင်းပုလဲ၊ သားမောင်စွမ်းထက်ဦး၊ မောင်ဝင်းမြတ်ဦး မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်မြို့ လှည်းတန်း ကမာရွတ်မြို့နယ် ၃ရပ်ကွက် အမှတ်(၅) မြသီတာလမ်းနေ ဦးအောင်မျိုးလွင်နှင့် ဇနီးဒေါ်ခင်ငွေ၊ သမီး မဖြိုးပပလွင်၊ သား မောင်အောင်ကောင်းမြတ်မိသားစုက သုံးကျပ်သားရွှေပြား တစ်ချပ်၊ ရန်ကုန်မြို့ လှည်းတန်း ကမာရွတ်မြို့နယ် ၃ရပ်ကွက် အမှတ်(၅) မြသီတာလမ်းနေ ဦးအောင်မျိုးလွင်နှင့် တပည့် သားသမီးများက သုံးကျပ်သားရွှေပြား တစ်ချပ်၊ နေပြည်တော်ပျဉ်းမနား ပြန်ကပြေးရွာ အလယ်ပိုင်းရပ်ကွက် ၃လမ်း အမှတ် ၁၀၇နေ ဦးဟန်ထွန်းနှင့် ဇနီး ဒေါ်ခင်ဝင်း၊ သမီး မဖြိုးသီရိကြွယ် မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ရာဇဓိရာဇ်လမ်း အမှတ် ၂၅/၂၇ ပထမထပ်နေ ဦးမြင့်အုန်းနှင့် ဇနီး ဒေါ်တင်လှိုင်၊ သမီး မမျိုးမိမိ မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ကျေးဇူးရှင် ဖခင် ဦးဆန်နီဆွေအားရည်စူး၍ ဒေါ်ခင်ခင်စု၊ သား ကိုသူရ၊ မသန္တာငွေ၊ သမီး မညီမီဆွေမြင့် Tiger ကုမ္ပဏီလီမိတက်က သုံးကျပ်သားရွှေပြားတစ်ချပ်၊ နှစ်ဖက်သော အဘိုး အဘွား မိဘများအား အမှူးထား၍ မောင်ဉာဏ်မျိုးအောင်နှင့် မရတနာလင်းတို့၏ မင်္ဂလာဦး အလှူအတွက် တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ နှစ်ဖက်သော အဘိုးအဘွား မိဘများအား အမှူးထား၍နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဦးအောင်မိုးနှင့် ဇနီး ဒေါ်မြတ်သိင်္ဂီလှိုင်၊ သမီး မကြည်ဖြူမိုးထက်၊ မဖြူစင်မိုးမြတ်၊ မပဟေမာန်မိုးသက် မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးဝင်းဆွေနှင့် ဇနီး ဒေါ်မင်းသွယ်နု၊ သား သရုပ်ဆောင် ခန့်စည်သူ မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ မိတ္ထီလာမြို့နေ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်နှင့် ဇနီး ဒေါ်သန်းနွဲ့ (ကျော်ကားပစ္စည်းဆိုင်)က တစ်ကျပ်သား ရွှေပြားနှစ်ချပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ ယနေ့အခမ်းအနားတွင် အလှူရှင် ၄၆ဦးက ရွှေပြား သုံးကျပ်သား ၄၉ချပ်၊ တစ်ကျပ်သား ရှစ်ချပ်တို့ကို လှူဒါန်းခဲ့ကြသည်။

လှူဒါန်းထား

ယနေ့အထိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် ယနေ့အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အလှူရှင်၃၈ဦးအပါအဝင် မြို့နယ်အသီးသီးမှ စေတနာရှင် အလှူရှင်၁၁၁ဦးက သုံးကျပ်သား ရွှေပြား ၁၄၄ချပ်၊ တစ်ကျပ်သား ရွှေပြား ၁၈ချပ်အတွက် အလှူငွေများ လှူဒါန်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV - 4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"ဒိဋ္ဌိဝိသုဒ္ဓိ" တရားတော် (သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၈:၀၀-၂:၀၀	ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြင့်တင်နိုင်ရန် အထောက်အကူပြုမည့် ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ)
၈:၂၅-၂:၂၅	Sunday Talk
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	အစင်စံပြကျေးရွာ ဇီဝိတဒါနခရီးစဉ်မှ "ကွာန်ဒူးရာ" သို့
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	Yangon Panorama (မိဘမဲ့ကလေးပြုစုရေး ရွှေဂုံတိုင်၊ ထောက်ကြန့်နှင့် သုခရိပ်မြုံသို့ အလှူငွေ ပေးအပ်ခြင်းအခမ်းအနား)
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	အလှော်အစား ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၀:၃၅-၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀-၄:၄၀	ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅	လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ သစ္စာမေတ္တာ ရွှေမန်းသဘင် (အပိုင်း-၂)
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၂:၀၅-၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀-၆:၁၀	သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	Music Gallery (တေးရေး-မင်းချစ်သူ တစ်ကိုယ်တော် ၂၅)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Portsmouth-Aston Villa	ESPN (Live)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၂၆

အထက(၆) ဗိုလ်တထောင် မြတ်ဆရာပူဇော်မည်

အထက(၆) ဗိုလ်တထောင်(စိန့်ပေါလ်)တွင် ၁၉၆၅မှ ၁၉၈၀အတွင်း သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့သော ဆရာများ၊ ၁၉၈၁မှ ၂၀၀၈အထိ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် မတ်၂ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၀၉-၅၁-၉၃၄၃၄၊ ၅၁၄၉၅၄နှင့် ၀၉-၅၁-၁၄၇၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ဇန်နဝါရီ ၃၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင် ယုဇနဟိုတယ်တွင် ပြည်ပမှ ပညာရှင်တစ်ဦး ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ဖုန်း-၅၅၉၆၇၂နှင့် ၅၅၉၆၇၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

တောင်ကုတ်မြို့နယ်မဂ္ဂဇင်း စာမူများပေးပို့နိုင်

သံတွဲခရိုင် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ဒေသဖွံ့ဖြိုးရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ရိုးမလှိုင်း တောင်ကုတ်မြို့နယ်မဂ္ဂဇင်း အမှတ်(၄)ကို မကြာမီ ထုတ်ဝေတော့မည်ဖြစ်ရာ ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းနှင့် အထွေထွေ စာမူများကို ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထားပြီး တောင်ကုတ်မြို့ ဖုန်း-၀၄၃-၆၀၃၆၉၊ ၀၄၃-၆၀၂၃၇နှင့် ၂၂၅/၂၂၆၊ ၃၆လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၆၅၁၊ ၀၁-၂၈၃၆၁၇တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

အမျိုးသားစာကြည့်တိုက် မည်သူမဆိုလေ့လာနိုင်

အမျိုးသားစာကြည့်တိုက်ကို တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းတွင် ဖွင့်လှစ်ထားရာမှ ယခု ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ် အမှတ်(၈၅)သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားရာ မည်သူမဆို လာရောက်လေ့လာနိုင်ကြပြီး တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်၉နာရီမှ ညနေ၄နာရီအတွင်း ဖွင့်လှစ်ထားကြောင်း သိရသည်။

မိုး/ဇလသတင်းများ ဆက်သွယ်မေးမြန်းနိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုများကို သိရှိလိုသူများအတွက် မေးမြန်းနိုင်ရန် အလိုအလျောက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များကို ပြန်လည်ထုတ်ပြန်ပေးလျက်ရှိကြောင်း ဖုန်း-၆၆၄၄၆၆ သို့ ဆက်သွယ်၍ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များအတွက် မေးမြန်းနိုင်ကြောင်း သိရသည်။

စိတ်ပညာဌာနမိသားစု အာစရိယပူဇော်မည်

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန မိသားစုက ဦးစီး၍ (၆၅)နှစ်အထက် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် စိတ်ပညာမိသားစုတွေ့ဆုံပွဲကို ဖေဖော်ဝါရီ၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ပင်ဒါပဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၃၆၆၀၇နှင့် ၂၄၆၁၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မောင်မြန်မာ၊ မယ်မြန်မာ ၂၀၀၉ ပြိုင်ပွဲ

၂၀၀၉ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် ကယ်လ်ဆမ်ကွေကာတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ၇ရက် မွန်းတည့် ၁၂နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဇွန်လ၌ အိုလံပစ်နေ့အထိမ်းအမှတ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ၊ နိုဝင်ဘာလ၌ ပြည်နယ်နှင့်တိုင်း ကာယဗလနှင့် ကာယအလှပြိုင်ပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲကျင်းပမည်

အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်းမှ ကြီးမှူးပြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ်အဖြစ် အိမ်မွေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၆ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ တိရစ္ဆာန်ဆေးကုခန်းများနှင့် Petshop များတွင် ရယူနိုင်ကာ ဖုန်း-၆၄၄၀၄၁သို့ ဆက်သွယ်နိုင်ကာ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်တွင် ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

မီးဘေးကာကွယ်ရေး စစ်တွေ၌ ဆောင်ရွက်

စစ်တွေ ဇန်နဝါရီ ၂၆

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးဖုန်းလွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်မော်တို့က ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများနှင့် ဈေးသူ ဈေးသားများ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနား တိုင်းမှူး ပိုလ်မှူးချုပ်ရာပြည့်တက်ရောက်၍ ဆေးတိုက်ကျွေး

တောင်ကြီး ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုက်ကျွေး

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က အမျိုးသားကာကွယ်ဆေးတိုက်နေ့များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် တောင်ကြီးမြို့ အတွင်းရှိ ရပ်ကွက်များဖြစ်သော ကျောင်းကြီးစုရပ်ကွက်၊မြို့မရပ်ကွက်၊ရေအေးကွင်းရပ်ကွက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ အေးသာယာအကွက်ကြီး(၃)ထုံးဖိုနှင့် ရွှေညီလာခန်းမ(ရွှေညောင်)တို့တွင် ကာကွယ်ဆေးတိုက်ကျွေးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် ဓာတ်မှန်စက် အသစ်တပ်ဆင်ရန်အတွက်နှင့် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ရက်က မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရွှေအိထံ အလှူငွေကျပ်တစ်သိန်း ပေးအပ်စဉ်။

(၁၂၇)

ဗန်းမော်မြို့နယ် စိန်ပန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဗန်းမော် ဇန်နဝါရီ ၂၆

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိန်ပန်းလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကိုဇန်နဝါရီ၃ရက်နံနက်၉နာရီက အဆိုပါလမ်းထိပ်မှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်နယ်အရာရှိများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူလေးများနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးခင်မောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရန်ပုံငွေ

အဆိုပါလမ်းမှာ အလျား ၉၂၅ ပေနှင့် အကျယ် ၁၂ပေရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၈၅၅၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရှိုင်းဟုပ်ကုမ္ပဏီ မေတ္တာမွန်သွေးလှူရှင်အဖွဲ့ (၅၃)ကြိမ်မြောက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ရှိုင်းဟုပ်ကုမ္ပဏီမှ မေတ္တာမွန်သွေးလှူရှင်အဖွဲ့၏ (၅၃)ကြိမ်မြောက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၈နာရီခွဲက မင်္ဂလာဒုံမြို့နယ်ရှိအမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကျင်းပရာအမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တပ်မှူးကိုယ်စား ရောဂါဗေဒပါရဂူဌာနမှူး ဒုတိယဗိုလ်မှူးကြီးဒေါ်တင်မိုးမြက အမှာစကားပြောကြားပြီး ရှိုင်းဟုပ်ကုမ္ပဏီမှ ဒေါ်ညွန့်ညွန့်ဝေက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးအောင်ကိုသန်းက သွေးလှူရှင်နှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ရှိုင်းဟုပ်ကုမ္ပဏီက ဆေးရုံကြီးအတွက် ငွေကျပ်သုံးသိန်းနှင့်ရောဂါဗေဒဌာနအတွက် ငွေကျပ်တစ်သိန်း၊ စုစုပေါင်းငွေကျပ်လေးသိန်းကိုပေးအပ်လှူဒါန်းရာ ရောဂါဗေဒပါရဂူဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးမြက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မေတ္တာမွန် သွေးလှူရှင်အဖွဲ့မှ သွေးလှူရှင် ၅၀ တို့၏ စုပေါင်း သွေးလှူဒါန်းမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

သွေးလှူဒါန်း

အလားတူ မေတ္တာမွန် သွေးလှူရှင်အဖွဲ့မှ သွေးလှူရှင်၂၀တို့သည်အမှတ်(၁) တပ်မတော် သားဖွား၊ မီးယပ်နှင့် ကလေးဆေးရုံ ခုတင်(၃၀၀)သို့လည်းကောင်း၊ သွေးလှူရှင် ၃၀တို့သည် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး ခုတင်(၅၀၀)သို့လည်းကောင်း သွားရောက်၍ စုပေါင်းသွေးလှူဒါန်းကြသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းမိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

Glory Royal Diamond (GRD) ကုမ္ပဏီက တင်သွင်းဖြန့်ချိမည့် ဟော်လန်နည်းပညာသုံး ထိုင်းနိုင်ငံမှ Thermaflex ကုမ္ပဏီ၏ လေအေးပေးစက် ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ရေပူရေအေးသုံးရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ၊ မြေအောက်သုံးရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာGlory Royal Diamond (GRD) ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှင်းလင်း

ယင်းနောက် ထိုင်းနိုင်ငံမှ Thermaflex ကုမ္ပဏီ၏ Sale & Marketing Manager Mr.Prudzaji Smard က ဟော်လန်နည်းပညာဖြင့် ထိုင်းနိုင်ငံတွင် ထုတ်လုပ်သည့် Thermaflex ကုမ္ပဏီ၏ လေအေးပေးစက်ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများအကြောင်းကိုလည်းကောင်း၊ Sale & Marketing Manager များဖြစ်ကြသည့် Mr.Thanaphat နှင့် Mr.Ruedon Samard **(အောက်ပုံ)**တို့က ရေပူရေအေးသုံး ရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ၊ မြေအောက်သုံးရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ Glory Royal Diamond (GRD) ကုမ္ပဏီမှ ဒါရိုက်တာ ဦးတင်ထွန်းလင်းက ကျေးဇူးတင်စကားပြောကြားသည်။

စီစဉ်ထား

Thermaflex ကုမ္ပဏီ၏ လေအေးပေးစက် ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ရေပူရေအေးသုံးရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ၊ မြေအောက်သုံးရေပိုက်နှင့် ဆက်စပ်ပစ္စည်းများကို ဝယ်ယူအသုံးပြုလိုသူများသည် Glory Royal Diamond (GRD)Co., Ltd. တည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိLand Mark Tower အခန်းအမှတ် (A-10/02) ဖုန်း-၅၅၇၀၉၅ ဖက်(စ်)၉၅၁-၅၅၇၀၉၅၊ အီးမေးလ် grddiamond @myanmar. com. mm သို့ ဆက်သွယ်မှာယူနိုင်ပြီး ထိုင်းနိုင်ငံထုတ် Thermaflex ကုန်ပစ္စည်းမိတ်ဆက်ရှင်းလင်းပွဲကို နေပြည်တော်တွင်လည်း ကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးရှည် စက်ဘီးစီးနင်းသူ ဦးငပြူး လှိုင်သာယာမြို့နယ်သို့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ အသက်၈၃နှစ်ရှိ ဦးငပြူးသည် မိုင်ပေါင်း ၂၅၀၀ ရှည်လျားသော ပဉ္စမအကြိမ်မြောက် စက်ဘီးခရီးစဉ်ကို ပြည်နယ်နှင့်တိုင်း ၁၁ခုအတွင်းရှိ မြို့နယ်ပေါင်း၁၄၆မြို့နယ်များသို့ စက်ဘီးတစ်စီးဖြင့် တစ်ကိုယ်တော် ဖြတ်သန်းစီးနင်းရန်အတွက် ၂၀၀၈ခုနှစ် နိုဝင်ဘာလက စတင်ထွက်ခွာလာခဲ့ပြီး ဇန်နဝါရီ၂၀ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းမှ ဧရာဝတီတိုင်းသို့ ဖြတ်သန်းရာ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခေတ္တရပ်နားစဉ် မြို့နယ်ဥက္ကဋ္ဌဦးခင်သိန်းမောင်က ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)** (၀၉၇)

ဇန်နဝါရီ ၂၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အနောက်)ရပ်ကွက် လမ်း၉၀ အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ ရေမြောင်းဆယ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်မှုကို ရပ်ကွက်ဥက္ကဋ္ဌ ဦးရန်အောင်ဌေးနှင့် လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်သန်းနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။

(၁၂၃)

27-1 (06).pmd 1 1/27/2009, 1:36 AM

STAR-TECH မှ AUTHORIZED SERVICE CENTER ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

STAR-TECH မှ End User များအတွက် Warranty Service Center ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၃၅၁ အခန်း ၁၀၁ရှိ STAR-TECH AUTHORIZED SERVICE CENTER၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ဖဲကြိုးဖြတ်၍ STAR-TECH AUTHORIZED SERVICE CENTER ကို ဖွင့်လှစ်ပေးပြီး ဧည့်သည်များသည် Service Center အတွင်း ကြည့်ရှုလေ့လာကြသည်။

မြန်မြန်ဆန်ဆန်

အဆိုပါ SERVICE CENTER ၌ LIETON အမှတ်တံဆိပ် CD/DVD ROM, CD/DVD Writer များနှင့် STAR UPS များကို ထိရောက်သော Warranty ရရှိစေရန်နှင့် မြန်မြန်ဆန်ဆန် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန် STAR-TECH က Product Warranty နှင့် Service များအပေါ် ယုံကြည်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

ဖြန့်ဖြူးရောင်းချသွားမည်

ထို့အပြင် STAR POWER Computer Distribution ဆိုင်သစ်ကို ဇန်နဝါရီ ၁၈ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၂၅၉၌ ဖွင့်လှစ်ခဲ့ပြီး A4 Tech Keyboard & Mouse, JNC Casing နှင့် Golden Field Casing တို့ကို ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

MYANMAR STAR - TECH Co.,Ltd သည် A4 Tech အမှတ်တံဆိပ်ပါ Keyboard, Mouse, Speaker, Webcam နှင့် JNC အမှတ်တံဆိပ်ပါ Casing စသည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို STAR-TECH Computer Accessories Distribution အမည်ဖြင့် ၂၀၀၃ခုနှစ်တွင် စတင်ဖြန့်ဖြူးခဲ့သည်။ ၂၀၀၆ခုနှစ်တွင် Golden Field Casing ၊ ၂၀၀၇ခုနှစ်တွင် LITEON ODD၊ ၂၀၀၈ခုနှစ်တွင် STAR UPS များကို ဆက်လက်ဖြန့်ဖြူးခဲ့သည်။ ဖြန့်ဖြူးရောင်းချသည့် အရေအတွက် များပြားလာခြင်းကြောင့် Customer Service နှင့် Warranty ကိစ္စများကို ထိရောက်စွာ ဆောင်ရွက်ပေးလိုခြင်းကြောင့် STAR-TECH AUTHORIZED SERVICE CENTER ကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး ဆက်သွယ်ရန်မှာ ဖုန်း-၀၁-၃၉၄၂၇၀၊ ၃၉၄၀၁၇၊ ဖက်(စ်)-၀၁-၅၇၉၆၈၃၊ အီးမေးလ်-sales@ star-tech-info တို့ဖြစ်သည်။

ဆက်သွယ်ရန်

STAR POWER Computer Distribution အတွက် ဆက်သွယ်ရန် ဖုန်း-၀၁-၂၉၉၆၉၅၊ ဖက်(စ်)-၀၁-၅၇၉၆၈၃ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း STAR POWER Computer Distribution ဆိုင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လှည်းကူးမြို့နယ် လျှပ်စစ်ရေတင်စီမံကိန်းများ လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဆင်ဖုံလျှပ်စစ်ရေတင် စီမံကိန်းသို့ရောက်ရှိပြီး ရေပေးဝေနေမှုနှင့် နွေစပါးစိုက်ပျိုးနိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆင်ဖုံလျှပ်စစ်ရေတင် စီမံကိန်းကို ဆင်ဖုံကျေးရွာအနီး ဆင်ဖုံချောင်းပေါ်၌ တည်ဆောက်ထားပြီး လယ်မြေ ဧက၃၄၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ နွေစပါးကိုလည်း တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးနိုင်မည်ဖြစ်ရာ ယခုနွေစပါးရာသီတွင် လျာထားဧက၂၀၀၀အနက် ဧက၂၀၀စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။

နွေစပါး

ယင်းနောက်ဝန်ကြီးသည် မလစ်လျှပ်စစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး နွေစပါးစိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံကာ ရေပေးဝေနေမှုများနှင့် နွေစပါးခင်းများ ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးသည် တည်ဆောက်ဆဲ စစ်ပင်လျှပ်စစ်ရေတင်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

ပေးဝေ

စစ်ပင်လျှပ်စစ်ရေတင်စီမံကိန်းကို လှည်းကူးမြို့နယ် စစ်ပင်မြောက်ကျေးရွာအနီး တော်တမံရိုးဖြတ် မြောင်းပေါ်၌ တည်ဆောက်နေပြီး ဧက၁၀၀၀ သို့ ရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။ ယခုနှစ်နွေစပါးရာသီတွင် လျာထားဧက ၃၀၀အနက် ၁၅၅ဧကသို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

(သတင်းစဉ်)

TMC ၏ စကောလားရှစ်ပေးအပ်မည့် အစီအစဉ် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

TMC သည် စင်ကာပူသမ္မတနိုင်ငံ အစိုးရ အသိအမှတ်ပြု နိုင်ငံတကာ အရည်အသွေးမီ ပုဂ္ဂလိက ကောလိပ်တစ်ခုဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတိုင်း TMC တွင် Diploma မှ Degree အဆင့် တိုင်အောင် သင်ယူခွင့်ရှိကာ ဘွဲ့ရပြီးသူများအနေဖြင့် Higher Diploma သို့ တိုက်ရိုက် ဝင်ရောက်နိုင်သည်။

ထို့အပြင် ဩစတြေးလျနေသဟာယနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့်ဗြိတိန်နိုင်ငံတို့ရှိ တက္ကသိုလ်များက ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့အသီးသီးကို TMC တွင်သင်ယူနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တစ်ပါတည်း ချိတ်ဆက်ပေးလျက်ရှိသည်။

ဖြေဆိုခွင့်ရှိ

TMC တွင် သင်ယူနိုင်သည့် ဘာသာရပ်များမှာ Journalism, Mass Communications, Public Relations, Accounting & Finance, International Business Management, International Marketing, Logistics Management, Management, Marketing, Computing, E-Business & E-Commerce, Multimedia, Construction Management & Property, Hospitality & Tourism, English, GCE "O" Level and Preparatory Course for Government Schools တို့ ဖြစ်ကြောင်း၊ ၂၀၀၉ April intake တွင် ဖွင့်လှစ်မည့် သင်တန်းအသီးသီးအတွက် ကျောင်းသားတစ်ဦးလျှင် Scholarship award S$ 5000 စီ ပေးအပ်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း ဖြေဆိုခွင့်ရှိကြောင်း သိရသည်။

စုံစမ်းနိုင်

TMC Scholarship Test ကို ဖေဖော်ဝါရီ ၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီမှ ၄နာရီအထိ ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး English, Critical and Analytic Thinking တို့ကိုဖြေဆိုရမည်ဖြစ်ကြောင်း၊ ဖြေဆိုမည့်သူများသည် ဇန်နဝါရီ ၃၀ ရက် နောက်ဆုံးထားပြီး Asia Pacific Consultancy Ltd. (APC) အမှတ် ၆၇ (ဒီ-၁) နတ်မောက်လမ်းသွယ် ဖိုးစိန်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၄၄၇၅၊ ၅၄၉၂၉၊ ၅၅၆၆၁၇နှင့် ၀၉-၅၁-၇၀၆၈၈တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ကျောက်ထုမြို့၌ မြေခင်းအလုပြုပြင်

ကျောက်ထု ဇန်နဝါရီ ၂၆

မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မြို့မရပ်ကွက်ရှိ မြေခင်းအလှပြုပြင်ဆောင်ရွက်မှုကို ဇန်နဝါရီ၈ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးမောင်မောင်ခင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(ခရိုင် ပြန်/ဆက်)

လှည်းကူးနှင့်မှော်ဘီလမ်းတံတားများ ရန်ကုန်တိုင်း စည်ပင်ညွှန်မှူးကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ် မေဃဝတီရိပ်သာတိုးချဲ့ရပ်ကွက်၌ အရှည်ပေ ၃၈၇၀၊ အကျယ် ၁၂ပေရှိ ဂဝံလမ်းခင်းနေမှုနှင့် ပြည်တော်သာရပ်ကွက် ရေစင်လမ်းမှ နဝရတ် ရေစင်လမ်းအထိ အရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ပေရှိလမ်း ဂဝံခင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးသည် အမှတ်(၁)ခရိုင်ချင်းဆက်လမ်း မှော်ဘီမြို့နယ်အပိုင်း မိုင်တိုင်(၈/၀)မှ (၁၆/၄) မိုင်အထိ မိုးတွင်းကာလက ပျက်စီးသွားသော ကျောက်ချောလမ်းကို ပြန်လည်ပြုပြင်နေမှု**(အောက်ပုံ)**၊ လမ်းပေါ်ရှိ အရှည်ပေ ၁၀၀၊ အကျယ် ၁၄ပေရှိ ရေတံကောင်းချောင်းသစ်သားတံတားအကြီးစားပြုပြင်နေမှုနှင့် မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ပြီးစီးသွားသော အရှည်ပေ ၇၉၂၀၊ အကျယ် ၁၀ပေရှိ ပြည်လမ်း-အင်းလျက်-ဖန်ခါးကုန်း ကျေးရွာချင်းဆက် ဂဝံလမ်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ၇ရက်က ကျိုင်းတုံမြို့နယ်ကတ်ထိုက်ကျေးရွာ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်း ကြီးကြပ်မှုကော်မတီဝင် ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ ဒုတိယရဲမှူးအေးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအများအမှန် သရုပ်ပြပုံများဖြင့် ရှင်းလင်းဆွေးနွေးပြီး ရှမ်း၊ ဂုံရှမ်း၊ အာခါ၊လားဟူ၊ မြန်မာတိုင်းရင်းသားဘာသာစကားငါးမျိုးဖြင့် ပြန်ဆိုရေးသားထားသော လက်ကမ်းစာအုပ်များ ဖြန့်ဝေပေးသည်။

ဆောင်ရွက်လျက်ရှိ

အလားတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲများကို ပြည်သူများ လုပ်ငန်းခွင်မပျက်စေဘဲ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာအုပ်စုများ၊ ကျောင်းများ၊ သုံးဘီးဆိုင်ကယ်၊ နှစ်ဘီးဆိုင်ကယ်၊ ယာဉ်မောင်းယာဉ်နောက်လိုက်များအား ဂိတ်များတွင် အသိပညာပေးဆွေးနွေးမှုများနှင့် လက်ကမ်းစာအုပ်များ ဖြန့်ဝေဆောင်ရွက်လျက်ရှိသည်။

(ခရိုင် ပြန်/ဆက်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ၁၂နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်၊ စစ်သံမှူး Colonel Ekachai Harnpoonvittaya နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်၏ ဇနီးတို့သည်လည်းကောင်း လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဇန်နဝါရီ ၂၆ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke Sen ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံကြစဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၆

"ပြည်ပအလုပ်သမားများခေါ်ယူမှု မလေးရှားတွင် တားမြစ်ပိတ်ပင်" သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂) အမှတ်စဉ်(၆၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် မြန်မာ့ပဲမျိုးစုံအား အစ္စရေးကုန်သည်များက ဝယ်ယူဖွယ်ရှိ၊ စက်မှုဇုန် အင်္ဂါရပ်နှင့်အညီ ဝါးတစ်ရာ စက်မှုဇုန်ကို အကောင်အထည်ဖော်လျက်ရှိ၊ ပဲဈေးကွက်တည်ငြိမ်စေရန်ပဲဝယ်ယူရေးကုမ္ပဏီများ ဖွဲ့စည်းရန်လိုအပ်၊ မြန်မာနိုင်ငံက နှစ်လအတွင်း ဆန်တန်ချိန် ကိုးသောင်းတင်ပို့၊ ရင်ချင်းဆက်အမြွာမွေးဖွားပြန်ပြီ၊ အဆင့်မြင့်နည်းပညာများ ပါဝင်သောဆိုလာစနစ် အိန္ဒိယမှ တင်သွင်းရန်စီစဉ်၊ ဝင်းသူဇာအရောင်းဆိုင်များအား လွှဲပြောင်းလုပ်ကိုင်ရန်ဖိတ်ခေါ်၊ အိန္ဒိယက ပဲတန်ချိန် ၁၄၀၀၀ ဝယ်ယူမည်၊ ရခိုင်ပြည်နယ်တွင် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀ထုတ်လုပ်မည်၊ စင်ကာပူမြို့လယ်ကောင် ဓားနှင့်ထိုး ငွေလုယက်ခံရမှု၊ အိန္ဒိယနိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ NHPC မှ ဘူတန်၊ မြန်မာနှင့်နီပေါနိုင်ငံများတွင်လုပ်ငန်းဆောင်ရွက်လို၊ ငါးပိငါးခြောက်ထုတ်ကုန်များတွင် ယမ်းစိမ်းသုံးစွဲမှု ကြိုတင်အသိပညာပေးရန်လို၊ မြန်မာ့ငွေတန်ဖိုး မြင့်မားနေ၊ အင်တာနက်မှတစ်ဆင့် အောင်ဘာလေထီထိုးနိုင်ပြီ၊ မလေးရှားကုမ္ပဏီက ကြက်သားဝယ်ယူရန် ကမ်းလှမ်း၍ မွေးမြူသူများနှင့် ညှိနှိုင်းတင်ပို့မည်၊ ပါမောက္ခဒေါက်တာဦးမြင့်မောင်မောင်၏ လျှင်မြန်ကျန်းမာ နည်းလမ်း ၁၂ဖြာ၊ ဆိုးဆေးအသုံးပြုထားသော အစားအစာများကို ရောင်းချပါက အရေးယူမည်၊ အစ္စရေး၏ နောက်ထပ်ရုတ်တရက်ထိုးစစ် လက်တုံ့ပြန်ရန် ဟစ်ဇ်ဘိုလာတို့အသင့်ပြင်ထားဟုဆို၊ အိုဘားမား၏ ဝါရှင်တန်သို့ သွားရာလမ်း၊ အိုစမာဘင်လာဒင်၏ လျှို့ဝှက်အောင်မြင်မှု၊ အိုဘားမားက ပါကစ္စတန်ရှိ ပစ်မှတ်များကို တိုက်ခိုက်ရန် အမိန့်ပေးစသည့် နောက်ဆုံးရပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

နမ့်စန်နှင့်ပင်လောင်း၌ ညအပူချိန် ၃ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

ဇန်နဝါရီ၂၆ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၃ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၆ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

သာယာမည်

ဇန်နဝါရီ၂၇ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်အနည်းငယ်

ဇန်နဝါရီ၂၇ရက် **(ယနေ့)** နေပြည်တော်နှင့်မန္တလေးတို့တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ တိမ်အနည်းငယ်ဖြစ်ထွန်းမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

နေပြည်တော်လေဆိပ်ရောက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ်တို့သည် နေပြည်တော် လေဆိပ်ရှိ မြက်ခင်းပြင်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Songkitti Jaggabatara အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မောင်မောင်အုန်းတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့် စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မိုး

အစဉ်သတိပြု

ယခင် မိတ္ထီလာဒေသကောလိပ် (၁၉၇၇-၁၉၈၁) ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၆

ယခင် မိတ္ထီလာဒေသကောလိပ်တွင် ၁၉၇၇ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယခုနှစ် မေ ၂ ရက်တွင် မိတ္ထီလာမြို့ မြို့တွင်း ဆုတောင်းပြည့် သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယခင် မိတ္ထီလာဒေသကောလိပ်တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ၁၉၇၇ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဒေါက်တာရဲအောင် ဖုန်း-၀၆၄-၂၅၆၅၃နှင့် ဦးခင်မောင်ဆွေ ဖုန်း-၀၆၄-၂၃၃၈၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာရဲအောင် (မိတ္ထီလာ) ဖုန်း-၀၆၄-၂၅၆၅၃၊ ဒေါက်တာနေမျိုး (မန္တလေး) ဖုန်း-၀၂-၃၉၅၀၄၊ ၀၉-၅၁-၄၁၇၄၅၊ ဦးတင်ရွှေ (မန္တလေး) ဖုန်း-၀၉-၂၀-၀၂၇၀၄၊ မန္တလာဦးစိုးမြင့် ဖုန်း-၀၉-၂၀-၀၄၇၇၇၊ ၀၁-၆၅၅၂၄၂၊ ဗိုလ်မှူးမောင်မောင် (ငြိမ်း) ရန်ကုန် ဖုန်း-၀၁-၆၄၃၉၄၃၊ ၀၉-၅၀-၆၃၇၈၄၊ ဒေါ်မို့မို့အောင်(ရန်ကုန်) ဖုန်း-၀၁-၅၄၈၂၉၀၊ ၀၉-၅၀-၃၁၈၈၁၊ ဒေါ်ခင်မြနွယ် (ရန်ကုန်) ဖုန်း-၀၁-၅၄၈၀၄၈၊ ၀၉-၅၂-၀၁၀၇၉၊ ဦးစိုးအောင်(ရန်ကုန်) ဖုန်း-၀၁-၅၇၁၇၈၀၊ ၀၉-၈၀-၂၀၄၁၈၊ ဦးခင်မောင်ဆွေ (မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၃၈၅၊၀၉-၂၂-၀၁၃၉၄၊ ဦးစောနိုင်ထွန်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၂၆၆၊ ၂၃၆၄၄၊ ဦးမြင့်မောင်အေး (လ/ထညွှန်မှူး၊ ဆည်မြောင်းစက်မှု၊ မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၀၇၆၊ ၀၉-၂၂-၀၁၄၂၂၊ ဒေါက်တာဇော်လင်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၅၉၀၃၊ ဦးဝင်းတင် (မိတ္ထီလာတက္ကသိုလ်) ဖုန်း-၀၆၄-၂၅၁၂၃၊ ၀၉-၂၀-၁၅၁၆၄၊ ဦးလှမြင့် (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၀၇၈၊ ၀၉-၅၀-၆၈၈၃၃နှင့် ဒေါ်ဂျိုင်းအေးမာမြင့် ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၆၁၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
(၂၈-၁-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်းကြေညာချက်
၀၇:၀၅ တရားတော်
မင်္ဂလသုတ်
ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ အမှတ်တရလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ချမ်းမြေ့သာယာသီရိဂေဟာ
အိုအောင်မင်းအောင် ပေါင်းနိုင်ပါစေ
၁၁:၃၅ တေးပဒေသာ
နိုင်ငံတကာအနုပညာ(၃၅)
၁၂:၀၀ နေ့လယ်ခင်းတေးပဒေသာ
တူယှဉ်သီကြွေးသူ့အလှည့်တေး
၁၂:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ
ယောက္ခမချစ်ဆေး
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
အောင်မြင်မှု
၁၆:၃၀ ပညာရေးအထူးအစီအစဉ်
စစ်သည်အတွက်တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ
ဂေါ်ဖီဖက်ထုပ်စားကြမယ်
၁၇:၁၀ ခံစားနားဆင်တေးသံစဉ်
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၇:၄၀ သိမှတ်စရာမြန်မာစကား၊ မြန်မာစာ
ပုဂံသားတို့၏စကားအသုံးအနှုန်း
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၂၀ ကျေးလက်ဇာတ်လမ်း
အလှဝေဖြာပန်းဂန္ဓမာ
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား
နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ
ထွန်းထွန်း
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ
၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ
ကောင်းသောအဆိုများ-၃
စီးပွားရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်တေးဂန္ထဝင်
လူမှုရေးဦးတည်ချက်
၂၁:၂၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဗဏ္ဏီစာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၆

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ပြည်သာယာ(တောင်)ရပ်ကွက် ဗဏ္ဏီစာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၀ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်အနီး၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ စာကြည့်တိုက်အလှူရှင်ဦးဗဏ္ဏီတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဦးဗဏ္ဏီနှင့် ဇနီး ဒေါ်ချစ်သိန်း မိသားစုက စာကြည့်တိုက်နှင့် ပတ်သက်သည့် စာချုပ်စာတမ်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီထံ ပေးအပ်သည်။ ဗဏ္ဏီ စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော် (ရုံးချုပ်)က သုတ၊ ရသ စာအုပ်မျိုးစုံ အုပ် ၁၀၀၊ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပင်မ ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၊ လအလိုက်သတင်းစာ စာအုပ် ငါးအုပ်၊ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်း (ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးမြင့်တို့က ပင်မ ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀ နှင့် စာအုပ်မျိုးစုံ အုပ် ၁၀၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က စာကြည့်တိုက်ပင်မငွေပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၊ မြို့နယ်အသင်းက ငွေကျပ် ၁၀၀၀၀နှင့် ဂျာနယ်မျိုးစုံ အုပ်၃၀၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ငွေကျပ်၅၀၀၀နှင့် အမျိုးသမီးရေးရာမဂ္ဂဇင်း စာအုပ် ၄၀၊ ရပ်ကွက်အသင်းဝင်များက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ အသံချဲ့စက် တစ်စုံ၊ ဦးဗဏ္ဏီနှင့်ဇနီး ဒေါ်ချစ်သိန်း မိသားစုက 7 Day ဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ် ၃၀၀၀၀၊ ဦးကျော်ထွန်းနှင့် ဇနီး ဒေါ်ထားထားဝင်းငြိမ်းမိသားစုက ဒို့ကျေးရွာဂျာနယ်၊ ရွှေနိုင်ငံဂျာနယ်၊ စိမ်းလဲ့ရွှေပြည်ဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ် ၁၄၄၀၀၊ ဒေါက်တာနိုင်လင်းနှင့်ဇနီးဒေါ်နိုင်နိုင်မော်မိသားစုက အာရောဂျမဂ္ဂဇင်း တစ်နှစ်စာအတွက် ငွေကျပ်၂၄၀၀၀၊ ဦးကျော်စိုး (Scholar ဘော်ဒါ) က မြန်မာ့အလင်း သတင်းစာ တစ်နှစ်စာအတွက် ငွေကျပ် ၃၀၀၀၀၊ ဦးတင်ဝင်းနှင့် ဇနီး ဒေါ်မမလေး မိသားစုက ကြေးမုံ သတင်းစာ တစ်နှစ်စာအတွက်ငွေကျပ် ၃၀၀၀၀ အသီးသီးပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ဗဏ္ဏီစာကြည့်တိုက် အဆောက်အအုံကို ဦးဗဏ္ဏီနှင့် ဇနီး ဒေါ်ချစ်သိန်းမိသားစုကတန်ဖိုးငွေကျပ် ၃၅သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၀၇၈)**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဇန်နဝါရီ၃၁ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ ယုဇနဟိုတယ်၌ ဂျပန်နိုင်ငံမှ သဘာဝဓာတ်ပုံပညာရှင် Mr. Onishi က မြန်မာနိုင်ငံ၏ သဘာဝတောတောင် ရေမြေ ကျေးငှက်တိရစ္ဆာန်များအား သဘာဝအတိုင်း ကျက်စားနေထိုင်မှုကို ၎င်းကိုယ်တိုင် ရိုက်ကူးထားသောပုံများဖြင့် "Myanmar Nature Thru Camera Lens" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၅၅၉၆၇၂ နှင့် ၅၅၉၆၇၃တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပန်းတနော်မြို့ မြို့မအလယ်ပိုင်းရပ်ကွက် သီရိလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာနိုင် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ရက်က အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အာကာတိုင်းတစ်ခွင် လင်းခဲ့ပြီ.... ချစ်သောရမ္မာဝတီ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

အလင်းတံခါးသစ် ဖွင့်လှစ်ကြိုဆို

ငွေနှင်းမှုန်တို့ တဖွဲဖွဲကျနေသည့် ဟေမန္တရာသီ၏ နံနက်ခင်းဝယ် ရခိုင်ပြည်နယ် ရမ္မာဝတီကျွန်းသို့ရောက်ရှိခဲ့ရပြန်ပါပြီ။ ဆောင်းကတ္တီပါ ခြုံလွှာအောက်မှ ကျောက်ဖြူမြို့သည် ကျွန်မတို့အလာကို လင်းအရုဏ်ဦးနှင့်အတူ ကြိုဆိုနေခဲ့ပေသည်။ ကျောက်ဖြူလေဆိပ်ကို ခြေချလိုက်မိသည်နှင့် အေးမြသော ပင်လယ်လေရနံ့ကို ရှူရှိုက်လိုက်ရစဉ် ကျွန်မ၏စိတ်အစဉ်ကို လန်းဆန်းသွားခဲ့ရသည်။ လေဆိပ်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက လှိုက်လှဲဝေဖြာသောအပြုံးများနှင့် စောင့်ကြိုနေခဲ့ပေသည်။ ဤခရီးစဉ်သည်ကား ကျန်းမာရေးဝန်ကြီးဌာန၏စီစဉ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီးဒေါ်မြသီဂီ၊ ပါမောက္ခ ဒေါက်တာဦးကံညွှန့်နှင့် ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များ၊ အလှူရှင်များ၏ လှူဒါန်းမှုအစုစုတို့ဖြင့် ကျောက်ဖြူခရိုင်အတွင်းရှိ မျက်စိ

ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများ ကျောက်ဖြူမြို့တွင် မျက်စိအခမဲ့စမ်းသပ်ကုသပေးစဉ်။
(သတင်းစဉ်)

ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမှု ခရီးစဉ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုပါလျှင် ၂၀၀၉ ခုနှစ်၏ နှစ်သစ်မင်္ဂလာအချိန်၌ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူတို့၏ အလင်းတံခါးသစ်ကို ဖွင့်လှစ်ကြိုဆိုနိုင်ခဲ့ကြသည့် ခရီးစဉ်တစ်ခုပင် ဖြစ်ပေသည်။

သာစွဌာနေ သန္တာမြေ

ကျွန်မတို့အဖွဲ့အနေဖြင့် ကျောက်ဖြူမြို့သို့ ၂၀၀၂ ခုနှစ်က တစ်ကြိမ်ရောက်ခဲ့ဖူးသဖြင့် မြို့နှင့်စိမ်းမနေခဲ့ကြပါ။ ရခိုင်ပြည်နယ်ကို နဒီလေးရပ်၊ ဝတီလေးရပ်ဖြင့် ဖွဲ့စည်းထားရာ ကျောက်ဖြူမြို့သည် ရမ္မာဝတီဟုခေါ်သော ရမ်းဗြဲကျွန်း၏ မြောက်ဘက်စွန်းတွင်တည်ရှိနေပေသည်။ အရှေ့ဘက်တွင် အမ်းမြို့၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် မြေပုံမြို့တို့ ရှိပြီး ကျွန်းစုစုပေါင်း ၇၁ ကျွန်း၊ ကျေးရွာပေါင်း၂၁ ရွာဖြင့် ဖွဲ့စည်းထားပါသည်။ ပင်လယ်ရေပတ်လည်ဝိုင်းပြီး လှပဖြူဖွေးသည့် ကျောက်စရစ်လုံးငယ်လေးများ ပေါများစွာရှိ၍ ကျောက်ဖြူမြို့ဟု ခေါ်တွင်သည်ဟု ဆိုပေသည်။

မြစ်ကမ်းနဖူး သဲသောင်ပြင်မှနေ၍ ကြည့်လိုက်ရာ ကျောက်လှေ မှောက်ထားသကဲ့သို့ ကျောက်စရစ်ခုံကြီး ရှိနေပြီး ထိုကျောက်ဆောင်နှင့်အတူ နွယ်၍ရှိနေသော ပင်လယ်သောင်ကမ်းအုန်းပင်တန်းများ ကြည်လင်ပြာလဲ့နေသည့်ရေပြင်ပေါ်ဝယ် လှိုင်းကြက်ခွပ်လေးများက နေရောင်ကြောင့် စိန်ကောင်း ကျောက်ကောင်းများပမာ တဖျပ်ဖျပ် တလျှပ်လျှပ် တောက်ပနေကြသည်များ၊ အနောက်ဘက်တစ်ခွင်တွင် ကျယ်ပြန့်လှသော လယ်ကွင်းကြီးများနှင့် အာကာထိလုနီးပါး အပြိုင်းအရိုင်း သွယ်တန်းနေသော တောင်စွယ်တောင်တန်းများ အစရှိသည့် ရှုမျှော်ခင်းများက ကျွန်မတို့ကို ဖမ်းစားထားခဲ့ပြန်ပါသည်။

ရခိုင်ပြည်နယ်သည် ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း၊ ကွမ်းသီးနှင့် ဆားလုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်းတို့ဖြင့် နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနေသော ဒေသကြီးတစ်ခုလည်း ဖြစ်ပေသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသဖြင့် ပင်လယ်ကမ်းခြေမှ အလင်းပြန်လာသည့် နေရောင်ခြည်တွင် ပါဝင်နေသော ခရမ်းလွန်ရောင်ခြည်ကြောင့် ဤဒေသရှိ ပြည်သူများမှာ အတွင်းတိမ်ရောဂါနှင့် မျက်သားတက်ခြင်းတို့ အများဆုံး ဖြစ်ပွားနေရပေသည်။အပေါ်မှလာသည့်နေရောင်ခြည်ဒဏ်ကိုခုခံကာကွယ်နိုင်သော်လည်း ပင်လယ်ရေပြင်မှ အလင်းပြန်လာသည့် နေရောင်ခြည်ဒဏ်ကိုမူ ကာကွယ်ရန် မလွယ်ကူလှပေ။ ထို့ကြောင့် ကျွန်မတို့သွားရောက်ခဲ့သည့် ခရီးစဉ်များအနက် ရခိုင်ပြည်နယ်သည်အတွင်းတိမ် အများဆုံး ခွဲစိတ် ပေးခဲ့ရသည့် စံချိန် အမြင့်ဆုံးပြည်နယ်တစ်ခုပင် ဖြစ်သည်။ ယခု ခရီးစဉ်တွင်လည်း ကျောက်ဖြူ ဆေးရုံဝင်းတစ်ခုလုံး ခြေချစရာ နေရာမရှိအောင် လမ်းမပေါ်ထိ ပြည့်လျှံနေသည့် လူအုပ်ကြီးသည် ကျွန်မတို့အလာကို လိုလားတောင့်တစွာ မျှော်လင့်ကြိုဆိုနေခဲ့ကြသည်။ စစ်တွေမြို့မှဒေါက်တာဦးမိုးကျော်နှင့်ဆရာမလေးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဇန်နဝါရီ ၂ရက်နေ့ကတည်းက ကြိုတင်ရောက်ရှိ စီစဉ်ထားခဲ့မှုများကြောင့် ကျွန်မတို့အဖွဲ့ ရောက်လာသည့်အခါ လူနာအားလုံးမှာ သူ့နေရာနှင့်သူ စနစ်တကျနေရာယူထားကြသည်ဖြစ်ရာ အဘက်ဘက်မှ စည်းကမ်းတကျရှိနေခဲ့ကြသည်။မဏ္ဍပ်ထဲတွင် စုဝေးရောက်ရှိနေသော တိုင်းရင်းသားများ၏ အားရတက်ကြွစွာ လှုပ်ရှားသွားလာနေကြပုံများကို ကြည့်ပြီး ကျွန်မ၏အတွေးတို့က လင်းလက်လာခဲ့ပြန်သည်။

ကျွန်မတို့အနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၊ အညာဒေသများနှင့် တောင်ပေါ်ဒေသများပါမကျန် နိုင်ငံအနှံ့အပြား ခရီးပေါက်ခဲ့ကြပြီးဖြစ်ရာ အမိမြန်မာပြည်၏ ချစ်စရာအလှအပများကို နေရာတိုင်းတွင် တွေ့မြင်ခံစားခဲ့ရပေသည်။ ရခိုင်ရိုးမတောင်တန်းကြီးများကို ရောက်ခဲ့သည့်အခါတိုင်းလည်း ပင်လယ်ပြာပြာ ရှုမျှော်ခင်းများနှင့် နဒီသောင်ယံကမ်းခြေအလှများက အခြားဒေသများနှင့်မတူ လွမ်းမောဖွယ်ရာများဖြင့် တစ်မူထူးခြားနေသည်။

ယခင်က ရခိုင်ပြည်နယ်နှင့် ပြည်မအကြားသော်လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း တစ်နေရာမှတစ်နေရာသို့သော်လည်းကောင်း ကူးသန်းသွားလာရန် အလွန်ခက်ခဲလှကြောင်း အားလုံးသိရှိပြီးဖြစ်သည်။ ယနေ့နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်းသစ်၊ တံတားသစ်များ၊ ရေလမ်း၊ ကားလမ်းသာမက လေယာဉ်ခရီးများဖြင့်ပါ သွားလာရေး လွယ်ကူချောမွေ့ မြန်ဆန်စေရန် အဘက်ဘက်မှ တိုးတက်မြှင့်တင်ပေးခဲ့ပြီးဖြစ်သည်။

၂၀၀၈ခုနှစ်က သွားရောက်ခဲ့ပြီးသော စစ်တွေ ခရီးစဉ်တွင် မျက်စိဝေဒနာရှင် ၅၁၂၀ကို ကုသမှုများပေးနိုင်ခဲ့ပြီး အတွင်းတိမ် ၆၀၃ဦးကို အလင်းသစ်ဖော်ဆောင်ပေးနိုင်ခဲ့ကြသလို ယခုခရီးစဉ်တွင်လည်း ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ မြေပုံ၊ အမ်း မြို့နယ်များမှ မျက်စိ ဝေဒနာရှင် ၄၆၆၇ဦးကို အခမဲ့ကုသမှုပေးနိုင်ခဲ့ပြီး အတွင်းတိမ် ၅၇၁ဦး၊ ရေတိမ် ၄ဦး၊ မျက်သားတက် လူနာ ၁၄ဦး တို့ကိုပါ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြပေသည်။

ဤသည်မှာ စစ်တွေမြို့မှ ဒေသခံ မျက်စိဆရာဝန်ဖြစ်သော ဒေါက်တာဦးမိုးကျော်၏ စေတနာ၊ ရန်ကုန်မှလာသော မျက်စိဆရာဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ၏ မွန်မြတ်သော စိတ်ရင်း စေတနာမှန်နှင့် ကူညီဆောင်ရွက်မှု၊ ကျောက်ဖြူဆေးရုံအုပ်ကြီး ဒေါက်တာစိန်လှိုင်၊ စစ္စတာ ဒေါ်သိန်းသိန်းဇံနှင့် သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ စစ်တွေဆေးရုံမှ စစ္စတာဒေါ်စိုးစိုးဇံနှင့်ဆရာမလေးများ၊ (NGO)အဖွဲ့ဝင်များ အားလုံး၏ အားကြိုးမာန်တက် မညည်းမညူ ပူးပေါင်းပါဝင်ခဲ့မှုများကြောင့်လည်း အချိန်တိုတိုနှင့် အောင်မြင်မှုများရရှိနိုင်ခဲ့ခြင်းပင် ဖြစ်ပေတော့သည်။

လင်းပြီတဲ့လင်းပြီ

ဤသို့ဖြင့် ရခိုင်ပြည်သူတို့၏ အိပ်မက်များကို အကောင်အထည်ဖော်နိုင်ခဲ့ကြပြီဖြစ်သည်။ ခွဲစိတ်ပြီးနောက် အလင်းသစ်တို့၏ ပြုံးပျော်နေကြသည့် မျက်နှာလေးများက ကျွန်မတို့ ပင်ပန်းသမျှ ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ လွင့်စဉ် ပပျောက်စေခဲ့ရပေသည်။ အောင်ပွဲအခမ်းအနားနေ့တွင် မျက်စိဆရာဝန်ကြီးများက ခွဲစိတ်ပြီးလူနာများ၏ အမြင်အားကို စမ်းသပ်ပေးနေကြသလို တာဝန်ရှိသူများနှင့်အလှူရှင်များကလည်း လူနာများကြားထဲဝင်ရောက်၍ မျက်စိကို အုပ်ထားသည့် ဂွမ်းစလေးများကိုဖယ်ရှားပေးခြင်း၊ မျက်စိသန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ နေကာမျက်မှန်များ တပ်ဆင်ပေးခြင်း၊ မျက်စိဆေးထုပ်များ လက်ထဲအရောက် လှူဒါန်းပေးခြင်းတို့ကိုပြုလုပ်နေကြစဉ်မှာပင်**'ဟေး မြင်ရပြီကွ'**ဟု ထအော်လိုက်သည့်အသံကြောင့် အလှူရှင်ခမျာ ရုတ်တရက် လန့်ဖျပ်သွားခဲ့ရသည်။ ဂွမ်းစလုံး ခွာပြီးသည်ထိပင် မစောင့်နိုင်ရှာတော့ဘဲ အလင်းရောင်ကိုစမြင်လိုက်သည်နှင့် ဝမ်းသာအားရ အော်ဟစ်လိုက်သူကတော့ အမ်းမြို့နယ်က အသက် ၁၉ နှစ်အရွယ် မောင်အောင်ကိုဌေးပင် ဖြစ်သည်။ မျက်စိကို သစ်ကိုင်းဖြင့်ရိုက်မိ၍ အတွင်းတိမ်ဖြစ်နေခဲ့ပြီး အမှောင်ထဲတွင် နှစ်အတော်ကြာ နေခဲ့ရရှာသူလေးဖြစ်သည်။ နေကာမျက်မှန် တဝင့်ဝင့်နှင့် မိဘဆွေမျိုးများ ရှိရာသို့ လင်းပြီ၊ မြင်ပြီဗျဟု ဝမ်းသာအားရ လှမ်းအော်ပြောနေရှာသည့် အသံလှိုင်းများက အလှူရှင်များ၊ စီစဉ်ပေးသူများ၊ ခွဲစိတ်ပေးသူများထံ ကူးစက်၍ အားလုံးပြုံးပျော်နေသည့် မြင်ကွင်းကိုကြည့်ပြီး မျက်ရည်များပင် ရစ်ဝဲလာခဲ့မိပေသည်။

အလှူရှင်များမှာ Golden Wax ကုမ္ပဏီမှဖြစ်ပြီး ရခိုင်ပြည်နယ် ခရီးစဉ်နှစ်ခုလုံး အဓိက ပံ့ပိုးပေးခဲ့သူများပင်ဖြစ်သည်။ များပြားလှသည့် အလုပ်တာဝန်များကို ထားရစ်ခဲ့ပြီး **"အကောင်းဆုံး စီစဉ်ပေးပါ။ အားလုံးမြင်စေချင်တယ်။ ရခိုင်ပြည်သူတွေတန်အောင် ရစေချင်တယ်။ မကျန်ခဲ့စေချင်ပါဘူး"**ဟု တဖွဖွပြောရင်း ကျွန်မတို့နှင့် အနီးကပ်ရှိနေခဲ့ကာ လိုအပ်သမျှ ဖြည့်ဆည်းပေးနေသည်တို့ကပင် ကျွန်မတို့အတွက် တွန်းအားများ ဖြစ်ခဲ့ရသည်။ ထို့အပြင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းလေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးတို့မှလည်း ကူညီပံ့ပိုးလှူဒါန်းခဲ့သလို ရခိုင်ပြည်နယ်မှ ကုန်သည်ကြီးဦးကျောက်တောင်မိသားစု၊ဦးညီပုနှင့်ဦးခင်မောင်တို့၏အလှူဒါနများအတွက် ဤနေရာမှနေ၍ ကျေးဇူးစကားဆိုရင်း ကျွန်မတို့၏ နှလုံးအိမ်တွင် ထာဝရမှတ်တမ်းတင်နေမည်သာဖြစ်သည်။ ထိုမျှမကသေး ခွဲစိတ်ရန်၊ ပြသရန် စောင့်ဆိုင်းနေကြသူများကို ကျောက်ဖြူမြို့မှ လင်းရောင်ခြည်လူငယ်အဖွဲ့နှင့်မြို့မိမြို့ဖများက ကြက်သားဆန်ပြုတ်၊ ကော်ဖီ၊ လက်ဖက်ရည်စသဖြင့် တစ်နေ့တစ်မျိုး မရိုးရအောင် ယုယ ကြင်နာစွာ ကျွေးမွေးနေကြသည်ကလည်း တွေ့ရခဲသော ကြည်နူးစရာမြင်ကွင်းပင်ဖြစ်သည်။ ဤမြင်ကွင်းများကို ကြည့်ရင်းဖြင့် ကျွန်မတို့၏ စက္ခုအလင်း အလှူမှသည် တိုင်းရင်းသားပြည်သူများအကြား တစ်ဦးနှင့်တစ်ဦး မျှဝေ ခံစားမှု၊ ရိုင်းပင်းကူညီမှု၊ စည်းလုံး ညီညွတ်မှု စသည့် အကျိုးကျေးဇူးများပါရရှိခဲ့သည်ဟု တွေးနေမိပါသည်။

နှုတ်ဆက်ခဲ့သည် ရမ္မာဝတီ

သည်နောက်မှာတော့ ကျွန်မတို့အားလုံး ပျော်ရွှင်ကြည်နူးမှု၊ အောင်မြင်မှုပီတိများဖြင့် ကျောက်ဖြူမြို့မှ ထွက်ခွာခဲ့ကြပါသည်။ ချမ်းချမ်းမြမြ၊ မီးပုံပွဲညာ၊ ညစာစားပွဲမှ ဒေါက်တာမိုးကျော်၏ ရခိုင်သာချင်း၊ ရမ္မာဝတီအဖွဲ့၏ဆောင်းရနံ့သင်းသော တေးသီချင်းများမှာ တစ်သက်မမေ့နိုင်စရာပုံရိပ်များပင် ဖြစ်ခဲ့ရသည်။ နေရစ်ခဲ့ပေဦးတော့ ရမ္မာဝတီရေဟု နှုတ်ဆက် လက်ပြချိန်တွင်မတော့ ကျွန်မထံသို့ ရခိုင်သဇင်ပန်းလှလှများနှင့်အတူ စာတစ်စောင်ရောက်ရှိလာခဲ့သည်။ အံ့ဩမှုဖြင့် စာကို ဖွင့်ဖတ်မိစဉ် နှလုံးသားမှ လှိုက်လှဲ ဆို့နင့်စွာ ခံစားလိုက်ရသည်။ ကျောက်ဖြူသူ အစ်မကြီးဒေါ်တင်မေ(သားဖွားဆရာမ-ငြိမ်း)၏ **"ရွှေနန်းတော်ဝင် ပန်းသခင်သို့"** ဟူသည့် ကဗျာလေးကဖြင့် ကျွန်မတို့ ဆက်လက် လျှောက်လှမ်းရဦးမည့် ခရီးစဉ်များအတွက် အားမာန်သစ်များ မွေးဖွားစေခဲ့ပါတော့သည်။

ရွှေနန်းတော်ဝင် ပန်းသခင်သို့

➢ ရမ္မာဝတီ၊ သန္တာမြီမှာ
မျက်စိမမြင်၊ ဝေဒနာရှင်ရို့
ခရီးမနိုင်၊ ခါးမခိုင်လို့
လူဖြိုက်ဘဝ၊ ရှုံးလီစွလေ...ရှုံးလီစွ။

➢ အေးမြသာယာ၊ ဆောင်းလခါမှာ
ပင်ယံထက်နန်း၊ သန့်စင်ပန်းတို့
လှပဝီဆာ၊ ပွင့်လီစွလေ...ပွင့်လီစွ။

➢ အလားတူစွာ၊ မြတ်ဆရာရို့
ခွဲစိတ်ကုသ၊ မြတ်ဒါနကြောင့်
အမှောင်ကွယ်ပျောက်၊ အလင်းရောက်ပြီ
ရမ္မာပြည်သား၊ လူအများတို့
အားရပျော်ရွှင်၊ စိတ်ဘဝင်ဝယ်
ရွှေလမင်းကြီး၊ သာလီစွလေ...သာလီစွ။

➢ နန်းထိုက်တော်ဝင် ပန်းသဇင်နှင့်
တူလီစွလေ...တူလီစွ။ ။

လူမှုရေးအသင်းအဖွဲ့ဝင်များက မျက်စိခွဲစိတ်ကုသမည့်လူနာများအား ခေါ်ဆောင်လာကြစဉ်။
(သတင်းစဉ်)

မြစ်သားမြို့၌ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လု

မြစ်သား ဇန်နဝါရီ ၁၅

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အားကစားနှင့်ကာယပညာကော်မတီကကြီးမှူး၍ ဆဌမအကြိမ် အေဝမ်းဖလားကျေးရွာပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက သာလွန်စံပြကျေးရွာ အားကစားကွင်း၌ကျင်းပရာ အရေးမလိုကျေးရွာအသင်းက ကုန်းရွာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အမှာစကားပြောကြား

ပြိုင်ပွဲအပြီးဆုချီးမြှင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ၊ အေဝမ်းဖလားအလှူရှင်ဦးစိုးညွန့်တို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့် လင်းဇင်းကျေးရွာအသင်း၊ ဒုတိယဆုရကုန်းရွာအသင်းတို့အား တာဝန်ရှိသူများနှင့် အလှူရှင်တို့က ဆုငွေ၊ ဆုတံဆိပ်၊ အားကစားပစ္စည်းများနှင့် ဝတ်စုံများ ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပထမဆုရရှိသည့် အရေးမလိုကျေးရွာ အသင်းအား အေဝမ်းဖလား အလှူရှင် ဦးစိုးညွန့်နှင့် မိသားစုများက ဆုငွေနှင့် တံခွန်စိုက်အေဝမ်းဖလားတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၁၁၃)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ ဒီဇင်ဘာ ၉ရက်က ဗိုလ်ချုပ်လမ်းမတစ်လျှောက် လမ်းပေါက်များဖာထေးဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဖက္ကလိပ်ရွာမ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ မြို့နယ် ရဲတပ်ဖွဲ့မှူး ခင်အောင်နှင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြစဉ်။ (မြို့နယ်စည်ပင်)



ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့(မြို့ပြ) မြို့ပတ် လမ်း အပိုင်း ကျောက်ချော ခင်းခြင်းကို ဒီဇင်ဘာ ၂၅ ရက်ကစစ်ကိုင်းတိုင်း စည် ပင်သာ ယာ ရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ ၃ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံ ပညာထူးချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ သင်ပြ ထူးချွန်ဆုရ အတန်းအုပ်ဆရာမဒေါ်သန်းရွှေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးကြည်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမြို့မြို့ အနယ်နယ် သတင်းများ

အထက(၆)အလုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

၁၉၆၆ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူများ၏ ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ သက်ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ခံကြွရောက်ပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ဆရာမဆုဇီလာသန်း ဖုန်း-၂၂၀၇၉၀(ကျောင်းဖုန်း)၊ ဦးစိန်ဝင်း(၇၄) ဖုန်း-၂၂၀၅၇၃၊ ဦးသန်းအေး(၇၄)ဖုန်း-၅၂၆၄၀၂၊ ဒေါ်နှင်းနှင်းယု (၈၁) ဖုန်း-၅၀၄၀၂၂၊ ဦးမြင့်ခိုင် (၈၄) ဖုန်း-၀၉-၅၁၉၇၄၁၄၊ ဦးပြုံးဝမ် (၈၀) ဖုန်း-၇၂၅၃၃၃၊ ဦးမင်းထွန်း(၈၅) ဖုန်း-၀၉-၅၀၁၂၁၅၄၊ ဦးဇော်ထွန်းသင် (၈၄) ဖုန်း-၀၉-၅၁၂၈၅၉၃၊ ဦးသီဟညွန့် (၈၆) ဖုန်း-၀၉-၅၁၀၇၃၀၃၊ ဦးဆန်းသွင် (၉၁) ဖုန်း-၂၂၀၈၃၆၊ ဦးဘိုဇာမောင်(၉၅) ဖုန်း-၀၉-၅၁၆၅၆၆၂၊ ဦးမိုးကျော်အေး(၈၃) ဖုန်း-၀၉-၉၉၂၁၀၃၀၊ ဦးကိုကိုကျော်ညွန့် (၈၇)ဖုန်း-၀၉-၅၀၀၆၄၃၆နှင့် ဒေါ်ယဉ်မင်းချောစု(၉၂) ဖုန်း-၅၀၅၅၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွှေကူ၌ အုပ်စုလုံးကျွတ်စာကြည့်တိုက်အဆောက်အအုံဖွင့် စာအုပ်၊ စာစောင်၊ ရန်ပုံငွေနှင့် မီဒီယာပစ္စည်းများ လှူဒါန်း

ရွှေကူ ဇန်နဝါရီ ၂၀

ကျေးလက်နေပြည်သူများ ပညာဗဟုသုတမြင့်မားရေးအတွက် ကျေးရွာအုပ်စုလုံးကျွတ်ခိုင်မာသော စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်၊ရန်ပုံငွေနှင့် မီဒီယာပစ္စည်းများ လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ရက်က ရွှေကူမြို့နယ် ပန်းတင်ကျေးရွာအုပ်စု မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ပေးအပ်

အဆိုပါ အခမ်းအနားတွင် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းဆွေးနွေး ဟောပြောပြီး ထူးကုမ္ပဏီမှ လှူဒါန်းသော ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားစက် တစ်လုံးကို လွှဲပြောင်းပေးအပ်ကာ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်များ၊ စေတနာရှင် ပြည်သူများက လှူဒါန်းငွေကျပ် ၂၄၈၀၀၀ကို မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလင်းသို့ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပန်းတင်ကျေးရွာ ပညာအရှေ့ဆောင်၊ မြိုင်သာကျေးရွာ ပညာပဒေသာ၊ လမ်းကူးကျေးရွာ ပညာပြည့်ဝ စာကြည့်တိုက် အဆောက်အအုံသစ်များကို ခရိုင်နှင့်မြို့နယ်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးများ၊ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလင်း၊ ဦးစိုးသိန်းနှင့် ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ငါးဘတ်ကြီးကျေးရွာ ရောင်နီဦး၊ ဝင်ဝကျေးရွာ ဘဝမီးအိမ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်နှင့် ရန်ပုံငွေလှူဒါန်းပွဲကို မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ရန်ပုံငွေကျပ် ၂၀၅၀၀၀နှင့် သုတရသ စာအုပ်စာစောင်မျိုးစုံ အုပ် ၆၀ တန်ဖိုးငွေကျပ် ၅၉၁၅၀ကို ဆက်လက် လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန် /ဆက်)**

တောင်ငူမြို့နယ် မြတ်ရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

တောင်ငူ ဇန်နဝါရီ ၂၆

တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ မြတ်ရတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ရေရှည်တည်တံ့ရေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အရှေ့) လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြတ်ရတနာစာကြည့်တိုက်အတွက် မြေနေရာနှင့် ငွေကျပ်သိန်း ၄၀တန် အဆောက်အအုံကိုလည်းကောင်း၊ ရန်ပုံငွေကျပ်တစ်သိန်းနှင့် သုတ၊ ရသစာအုပ်မျိုးစုံ ၁၀၀ကျော်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် အလှူရှင်များက စာကြည့်တိုက်ကော်မတီသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပခုက္ကူမြို့၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်ရေးဟောပြော

ပခုက္ကူ ဇန်နဝါရီ ၂၁

၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးဟောပြောပွဲကို ဇန်နဝါရီ၁၄ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထက(၄)၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်ခင်အုန်းမြက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းက ရည်မှန်းချက်ထား အမြဲကြိုးစား အကြောင်း ဟောပြောပြီး ကျောင်းသား ကျောင်းသူ ၃၀၀ခန့် တက်ရောက် လေ့လာမှတ်သားကြောင်း သိရသည်။ (၀၇၀)

မော်လမြိုင်ကျွန်း၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၉

၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်းက အမျိုးသားကာကွယ်ဆေးတိုက်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပြီး**(အပေါ်ပုံ)**နှင့် ကလေးငယ်များအား လက်ဆောင်များ ဝေငှပေးကြသည်။ (၁၄၂)

ကျောက်ထုမြို့ စိမ်းလန်းစိုပြည်ရေး ပန်းအလှပင်စိုက်ပျိုး

ကျောက်ထု ဇန်နဝါရီ ၂၂

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့ ဇန်နဝါရီ ၁၇ရက်က ကျောက်ထု-မင်းတပ်လမ်းပေါ်ရှိ လမ်းလယ်ကျွန်း စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးရာသို့ အမှုဆောင်အရာရှိ ဦးမောင်မောင်ခင်ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ်	၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွှဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ်	၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ်	၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ်	၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရွှေကျင် မြို့ပတ်လမ်း ဂဝံလမ်းခင်း

ရွှေကျင် ဇန်နဝါရီ ၂၆

ရွှေကျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် မြို့ပတ်လမ်းဂဝံခင်းခြင်း(မြို့ပြ)လုပ်ငန်းတွင် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော် လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ကွင်းဆင်း စစ်ဆေး ကြီးကြပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် ခြေစွမ်းပြ သုံးပွဲဆက်တိုက်ဂိုးပြတ်အနိုင်ယူ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ ဖိုးသော်ဇင် - စာမျက်နှာဖွဲ့စည်းမှု ဘိုဘိုမင်း

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနဲ့ လယ်ယာ/ဆည်မြောင်းအသင်းတို့ အနိုင်ရရှိသွားကြပါတယ်။

ဘဏ္ဍာ/အခွန်တိုက်စစ်မှူး ရန်ပိုင်၏ ထိုးဖောက်မှုကို သစ်တောရေးရာဂိုးသမား မျိုးကျော်အောင် ကာကွယ်ဖျက်ထုတ်ခဲ့သော်လည်း····။ (မြန်မာ့အလင်း)

သုဝဏ္ဏကွင်း

ဘဏ္ဍာ/အခွန် - လေးဂိုး
သစ်တောရေးရာ - ဂိုးမရှိ

ဘဏ္ဍာ/အခွန်အသင်းကတော့ လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ အတွက် အကောင်းဆုံးခြေစွမ်းတွေနဲ့ ရလဒ်ကောင်းတွေ စွမ်းဆောင်ပြနေတာကို တွေ့ရပါတယ်။ ဆောက်လုပ်ရေးနဲ့ ပွဲကစပြီး ဂိုးသွင်းစွမ်းရည်တွေ ပြနေတဲ့ ဘဏ္ဍာ/အခွန်အသင်းဟာ အခုပွဲမှာလည်း သစ်တောကို ဂိုးမိုးရွာကာ သုံးပွဲဆက်တိုက် ဂိုးပြတ်အနိုင်တွေ ရရှိခဲ့ပါတယ်။ သစ်တောရေးရာအသင်းကတော့ ဆောက်လုပ်ရေးနဲ့ပွဲမှာ ပထမဦးဆုံး အရှုံးနဲ့ရင်ဆိုင်ခဲ့ရသလို အမာခံကစားသမားအချို့ပါ ဒဏ်ရာရသွားတာကြောင့် ဘဏ္ဍာ/အခွန်ကို အကောင်းဆုံးပုံစံနဲ့ မရင်ဆိုင်နိုင်ခဲ့ပါဘူး။

လွဲချော်ခဲ့

ဒီနေ့ပွဲမှာ ဘဏ္ဍာ/အခွန်အသင်းဟာ လယ်ယာ/ဆည်မြောင်းကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ လူစာရင်းကိုပဲ အပြောင်းအလဲမလုပ်ဘဲ ပွဲထွက်ခဲ့ပါတယ်။ ရန်ပိုင်နှင့် စိုးမြတ်မင်း တိုက်စစ်အတွဲဟာ ပွဲစကတည်းက သစ်တောဘက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ သစ်တောရေးရာ နောက်ခံလူတွေ တစ်ဦးချင်း ထိန်းကပ်နိုင်ခြင်း မရှိတာကြောင့် ပွဲအစ သုံးမိနစ်မှာပဲ အသင်းခေါင်းဆောင် စိုးမြတ်မင်းက ဘဏ္ဍာ/အခွန်အတွက် ဖွေဆော်ဦး ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ဆက်တိုက်ဆိုသလို ဘဏ္ဍာ/အခွန်က ဖိကစားနိုင်ခဲ့ပြီး ၁၄ မိနစ်မှာ ရန်ပိုင်က ဒုတိယဂိုးထပ်မံသွင်းယူသွားပါတယ်။ သစ်တောရေးရာအသင်းဟာ ဘဏ္ဍာ/အခွန်ဘက်ကို ပြန်ပြီးဖိအားပေးနိုင်ခဲ့ပေမယ့် တိုက်စစ်မှူးတွေဖြစ်တဲ့ နိုင်နိုင်လင်းနဲ့ မျိုးဇော်ဦးတို့ အပိုင်အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကြောင့် ချေပဂိုးတွေနဲ့ လွဲချော်ခဲ့ပါတယ်။

ဂိုးပြတ်ရှုံးနိမ့်

ဒုတိယပိုင်းမှာလည်း ဘဏ္ဍာ/ အခွန်အသင်းကပဲ အသာရခဲ့ပေမယ့် အနိုင်ဂိုးတွေကိုတော့ ပွဲပြီးခါနီးမှရခဲ့ပါတယ်။ မိနစ် ၇၀ ကျော်မှာ အောင်ကျော်မိုးအစားဝင်လာတဲ့ ကျော်ကျော်နိုင်က တတိယဂိုးနဲ့ မိနစ် ၈၀ ကျော်မှာ စိုးလင်းထွန်းအစား ဝင်လာတဲ့ ထွန်းထွန်းဝင်းက စတုတ္ထဂိုးတို့ကို သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ ကွင်းလယ်ကလွှင်ဦး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ရှေ့နောက် ချိတ်ဆက်ပေးခဲ့သလို တိုက်စစ်မှူး ရန်ပိုင်ကလည်း ဒုတိယပိုင်းမှရတဲ့ နှစ်ဂိုးစလုံးကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ သစ်တောရေးရာအသင်းကတော့ မမျှော်လင့်ဘဲ ဂိုးပြတ်ရှုံးနိမ့်ပြီး ဒုတိယမြောက်ရှုံးပွဲနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း - တစ်ဂိုး
မြန်မာ့မီးရထား - ဂိုးမရှိ

ပွဲအစ ငါးမိနစ်မှာ ဖရီးကစ်မှတစ်ဆင့် သွင်းယူခဲ့တဲ့ အသင်းခေါင်းဆောင် ခင်မောင်လွင်ရဲ့ဂိုးနဲ့ လယ်ယာ/ဆည်မြောင်းအသင်း အနိုင်ရရှိသွားပါတယ်။ လယ်ယာ/ဆည်မြောင်း အသင်းဟာ ခုနစ်ပွဲကစား သုံးပွဲနိုင်၊ လေးပွဲရှုံး ကိုးမှတ်ရရှိထားပြီး လေးမှတ်သာရရှိထားတဲ့ မြန်မာ့မီးရထားကတော့ တန်းဆင်းဇုန်ထဲ ရောက်ရှိနေပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေး - ပို့ဆောင်ရေး

အောင်ဆန်းကွင်း

စွမ်းအင် - မြို့တော်စည်ပင်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၁-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၇။	**တန်ဖိုး** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၈:၂၀	၈။	အကပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။	အဆိုပြိုင်ပွဲ
၄:၂၅	၃။	**တစ်လောကလုံးလင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဥ္ဇာဦး၊ ဝါဝါအောင်၊ ဇော်ဖုးပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၄:၄၀	၄။	ကြေးမုံရိပ်သွင်တေးနုယဉ်
၄:၅၅	၅။	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်) အပိုင်း(က)
၅:၃၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၄၀	၇။	နမ္မတီးတံတား(ကံလှ)
၅:၄၅	၈။	တေးဂီတအစီအစဉ်
၆:၀၀	၉။	ညနေခင်းသတင်း
၆:၃၀	၁၀။	မိုးလေဝသအခြေအနေ
၆:၃၅	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၅	၁၂။	ဆိုလိုက်ကြစို့
၇:၂၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၇)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၂၂)

လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၉ခုနှစ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား(က)အဆင့်နှင့် (ခ) အဆင့် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပရာ လက်ဝှေ့အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အလဲထိုး

ဒုတိယနေ့ပွဲစဉ်များအဖြစ် (က)အဆင့် ခုနစ်ပွဲနှင့် (ခ)အဆင့် ခုနစ်ပွဲ စုစုပေါင်း ၁၄ ပွဲ ကျင်းပသည်။ (က)အဆင့် ဝယ်တာဝိတ်တန်းတွင် မြတ်သိန်းထွန်း(ရန်ကုန်)က အောင်သူရ(မြို့တော်စည်ပင်)ကို ၁၈အမှတ်-၁၆ မှတ်ဖြင့် အနိုင်ရသွားပြီး ကျော်ဝဏ္ဏစိုး(ပြည်ထဲရေး)နှင့် အောင်ကိုအေး(ကာကွယ်ရေး)တို့ပွဲတွင် ကျော်ဝဏ္ဏစိုးက ပထမအချီ စက္ကန့် ၄၀ တွင် အလဲထိုးဖြင့် အနိုင်ရသွားသည်။ လိုက်ဝယ်တာဝိတ်တန်းတွင် နိုင်ဝင်းထွဋ်(ပြည်ထဲရေး)က သူရကျော်(တပ်မတော်-ကြည်း)ကို ရှစ်မှတ်-နှစ်မှတ်၊ လိုက်ဝိတ်တန်းတွင် အေးကိုနိုင်(အား/ကာသိပ္ပံ၊ ရန်ကုန်)က ဝေလင်းအောင်(ကာကွယ်ရေး)ကို ၃၅ မှတ်-၃၃မှတ်၊ လိုက်ဖလိုင်းဝိတ်တန်းတွင် မောင်ငယ်(ကာကွယ်ရေး)က ကျော်ကျော်အောင်(တပ်မတော်-လေ)ကို ၄၄မှတ်-၁၂မှတ်၊ ပင်းဝိတ်တန်းတွင် ထက်အောင်(အား/ကာသိပ္ပံ၊ ရန်ကုန်)က သန်းမင်းသူ(တပ်မတော်-ရေ)ကို ၂၂ မှတ်-သုံးမှတ်တို့ဖြင့် အနိုင်ရသွားသည်။ ဖယ်သာဝိတ်တန်းတွင် ရန်နောင်စိုး(လယ်ယာ/ဆည်မြောင်း)က အောင်ဆန်းဦး(ပြည်ထဲရေး)ကို ပထမအချီ တစ်မိနစ် ၃၉ စက္ကန့်တွင် အလဲထိုးပြီးအနိုင်ရသွားသည်။

(ခ)အဆင့်

(ခ)အဆင့် လိုက်ဝိတ်တန်းတွင် ဝင်းကိုဦး(ကာကွယ်ရေး)က ဇိုးထန်ဘွန်းနာ(အား/ကာသိပ္ပံ၊ မန္တလေး)ကို ၁၂မှတ်-လေးမှတ်၊ ဖလိုင်းဝိတ်တန်းတွင် သန်းနိုင်ဦး(ပြည်ထဲရေး)က ကောင်းလှစံ (အား/ကာသိပ္ပံ၊ မန္တလေး)ကို ၂၆မှတ်-လေးမှတ်၊ ဇော်ရှိန်း(တပ်မတော်-လေ)က လားထန်ဆားဗှာ(အား/ကာသိပ္ပံ၊ရန်ကုန်)ကို ၄၆မှတ်-၄၅မှတ်၊ လိုက်ဖလိုင်း ဝိတ်တန်းတွင် ကျော်မင်းထွန်း(ပြည်ထဲရေး)က သန်းဇော်ဦး(တပ်မတော်-လေ)ကို ၂၁မှတ်-၂၀မှတ်၊ ဇော်ဇော်(ကာကွယ်ရေး)က ဌေးအောင်(တမခ-၇၇)ကို ၁၁မှတ်-ခုနစ်မှတ်၊ လိုက်ဝယ်တာဝိတ်တန်းတွင် ကျော်ဆန်းဦး(ကာကွယ်ရေး)က ဝင်းမြိုင်(နေပြည်တော်)ကို ၁၂မှတ်-ခုနစ်မှတ်တို့ဖြင့် အနိုင်ရသွားသည်။**(အပေါ်ပုံ)**

ဆက်လက်ကျင်းပမည်

ယခုပြိုင်ပွဲမှ အလားအလာရှိသူများကို ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်သွားမည်ဖြစ်၍ ပြိုင်ပွဲဝင် လက်ဝှေ့သမားများ အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိပြီး ပွဲကောင်းများ ဖြစ်လျက်ရှိသည်။ တတိယနေ့ ပွဲစဉ်များကို ဇန်နဝါရီ၂၇ရက်**(ယနေ့)** ညနေ ၃ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာ

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ အဆင့်မြင့်မြန်မာစာ လေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှုနက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်လက်ရွေးစင်၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်လေးအုပ်ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီးလေးပုဒ်မေးပါမယ်။

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ(၁၁)ဦးရဲ့ ဝတ္ထုတို(၁၁)ပုဒ်နဲ့ ပြဇာတ်သုံးပုဒ်ကို လေ့လာရမှာဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူ့အကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ဖတ်နိုင်လောက်အောင် တိုတိုရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူ အာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်တယ်။

ဇာတ်လမ်းဟာ ကျိုးကြောင်းဆက်စပ်နေတဲ့ ဖြစ်ရပ်ဖြစ်တယ်။ ဇာတ်ဆောင်များက အဲဒီဖြစ်ရပ်မှာပါဝင်လှုပ်ရှားရသူတွေဖြစ်တယ်။ ကာလဒေသနောက်ခံဟာ ဒီဖြစ်ရပ်မှာ ဖြစ်ပျက်လှုပ်ရှားတဲ့ အချိန်ကာလ၊ နေရာဒေသနဲ့ လူမှုအခြေအနေတို့ဖြစ်တယ်။ ဝတ္ထုရေးဆရာဟာ မိမိဆိုလိုတဲ့အချက်အာဘော်ကို ထင်ရှားပေါ်လွင်အောင် ဝတ္ထုတိုနဲ့ ဖော်ပြတာဖြစ်တဲ့အတွက် ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးတဲ့အခါ ဝတ္ထုရေးဆရာရဲ့ အာဘော်ကို စာဖတ်သူနားလည်သွားမြဲဖြစ်တယ်။

ဝတ္ထုတိုများကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့ အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာဖြစ်တယ်။ ဝတ္ထုအာဘော်ဆိုတာ ဝတ္ထုရေးဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက်ကိုယ့်ဘက်အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကိုကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ပြခြင်းတို့နဲ့ ဇာတ်လမ်းကို ဖန်တီးလေ့ရှိကြတယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာ ဇာတ်လမ်းပါ ဇာတ်ဆောင်တွေကို အသက်ဝင်အောင်၊ စရိုက်သဘာဝထင်ရှားအောင် ဖန်တီးရေးဖွဲ့ကြတယ်။ ဇာတ်ဆောင်ရဲ့ပုံပန်း၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင် အချင်းချင်း ပြောဆိုပြုမူပုံတို့ဖြင့် ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝပေါ်လွင်အောင် ရေးဖွဲ့လေ့ရှိကြတယ်။ နောက်ခံဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ပျက်ရာ အချိန်ကာလ၊ နောက်ခံဒေသတို့ကို ခေတ်အခြေအနေ၊ လူမှုဝန်းကျင်အခြေအနေတို့နဲ့ ထင်ဟပ်ရေးဖွဲ့လေ့ရှိတယ်။ အရေးအဖွဲ့ဆိုတာဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ဖြစ်တယ်။ ရသနဲ့အသိအမြင်ဆိုတာ ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးနောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးရပြီး ဘယ်လိုအသိအမြင်မျိုး ရတယ်ဆိုတာ လေ့လာရမှာ ဖြစ်တယ်။

အမျိုးသားပညာဝန်ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစီဝတ္ထုတိုတစ်ပုဒ်ကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုးအလုပ်လုပ်ရင်း ဆက်လက် ပညာသင်သဖြင့် ဘဝအခြေအနေ တိုးတက်ကြီးပွားသွားကြောင်းအာဘော်ကို တွေ့နိုင်တယ်။ လူငယ်တစ်ယောက်ရဲ့ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။ ဇာတ်လမ်းပါ မောင်ဘစီရဲ့ ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ်တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူဦးဖိုးကျားအမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် သက္ကရာဇ် ၁၉၂၀ ဝန်းကျင်ကာလမှာရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။ ဒီဝတ္ထုတိုမှာ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေ၊ ပေါ်လွင်ထိမိတဲ့ စကားလုံးတွေနဲ့ ရေးဖွဲ့ထားတာတွေ့ရမယ်။ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ ခံယူချက်နဲ့ စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တရသခံစားစေနိုင်ပြီး အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်းဟူသည့် အသိအမြင်တွေရရှိကြောင်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။

ပြဇာတ်သုံးပုဒ်ကိုလေ့လာတဲ့အခါ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင် ရေးဖွဲ့တဲ့ စာပေမျိုးဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကိုလေ့လာတဲ့အခါမှာ ပြဇာတ်ရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက် ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြော စကားတွေနဲ့ ဖန်တီးရတယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံ သရော်သံတွေနဲ့ ဟာသမြောက်အောင်ရေးဖွဲ့လေ့ရှိတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။ နမူနာအဖြစ် အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့ မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည် မိခင်တစ်ဦးရဲ့ စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူ၏ အာဘော်ကို တွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ် ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါ အရေးအဖွဲ့တို့ကိုလည်း လေ့လာဖော်ထုတ်ရမှာဖြစ်တယ်။ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅ဝနိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ဒီပျို့ကို ရေးချိန်မှာ ဆရာတော်ဟာ အသက်(၆ဝ)ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံစုံလင်နေပြီလည်းဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာ အကြောင်းအရာတွေ များစွာ ပါဝင်လာပါတယ်။ အကြောင်းအရာအနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာ ဖြစ်ပါတယ်။

အကြောင်းအရာကို လေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများစသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့လိုအပ်ပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင် သုံးဦးတွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများစတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ်ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်

“ ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြဲလှချင် ”

ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများနည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက “ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံသဖွယ် လက်အုပ်ချီကာ နဖူးပေါ်လက်တင် ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရ ပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း” ဖော်ပြဖို့ဖြစ်ပါတယ်။

“ ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်” ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့ သမင်ဟာ လူအနားကို အလွယ်တကူကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုး ဆိုတာကို ဖော်ပြဖို့လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့ သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ ခုနစ်ရက်ပုန်းနေလေ့ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူ့အနားကို ကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံ ပြောရပါမယ်။

“ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့” ဆိုတဲ့ ဥပမာအလင်္ကာဆိုရင်လည်း ယဉ်ကြားဆိုတာဟာ ရက်ကန်းစင်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင်ရေးရပါမယ်။ ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး ဆိုရိုးများအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများ အလွန်ပါပါတယ်။ စကားများသည်ပင်လျှင် နောင်အခါဆိုရိုးများ၊ စကားပုံများဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ “တစ်ရောက်ချမ်းသာ၊ ကိုယ့်ဖို့ ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း” ဆိုတဲ့ ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိသောဆိုရိုး ဖြစ်ပါတယ်။ ကိုယ်တစ်ယောက်ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။ အဲဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက “ကြက်ဥသံချောင်” လို့ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆန်ချောင်တဲ့ ကြက်ဥဆိုတဲ့အနေနဲ့တင်စားပြီး သုံးစွဲခြင်းဖြစ်ပါတယ်။

ဒီလိုပဲ “အငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်” ဆိုတဲ့ အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့မယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားများ ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက် စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကို တွေ့ရမှာ ဖြစ်ပါတယ်။ ငါးတို့သည် သူတို့ဘာသာဘာဝအလိုက် တံငါကကွန်ကိုကြဲပါဖြန့်ပါမှ ဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကိုမကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။

အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက “ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာငါးများ၊ ဝင်လာပြေးအံ့”။ “သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချူ” စသည်ဖြင့် အဖွဲ့ကောင်းများကို

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာဖြစ်ပါတယ်။

မေးခွန်း(၂)မှာ ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။ ၂ (က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက်၊ ဇာတ်ခန်းအလိုက်၊ ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတရသ သင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ပြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ဖခင်နှင့် သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်းဖြစ်တယ်။ မြန်မာကဗျာဖွဲ့နည်း ပြဋ္ဌာန်းစာမှာ မြန်မာကဗျာရဲ့အခြေခံကျတဲ့ ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ ရှင်းပြထားတယ်။ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်းစတဲ့ ကဗျာတွေရဲ့သဘောအဓိပ္ပာယ်တွေ၊ အဲဒီကဗျာတွေရဲ့စပ်နည်းတွေ၊ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်၊ ဇဝနဉာဏ်၊ လက်တန်းဉာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို ကျက်မှတ်ရမှာဖြစ်ပါတယ်။ မေးခွန်း(၃) ပိုဒ်ခွဲ (က)မှာ အဲဒီ ကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ လေးခုပေးထားပြီး နှစ်ခုဖြေရပါမယ်။

မေးခွန်း(၃) ပိုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ သာဓကပြရမယ်ဆိုရင်-

" အောင်ပင်နှင့် နန္ဒာ
ကြာစုံကမွေး။
တစ်ကန်ကို တစ်ကန်ဆက်ပါလို့
ဂယက်တွေပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ်ဖွေး။ "

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဖြေရပါမယ်။ ဒါနဲ့ ကြာ၊ ဆက်နဲ့ယက်၊ နှိုင်းနဲ့လှိုင်းတို့ဟာ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ မွေးနဲ့ဖွေးကတော့ ပိုဒ်ဆုံးကာရန်ဖြစ်တာကြောင့် အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။ အခြားစကားလုံးများကိုတော့ တုံးတိုအမှတ်အသား ပြရပါမယ်။ ပထမအချိုး "ကြာစုံကမွေး"ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ ဒုတိယအချိုးဖြစ်တဲ့ " လှိုင်းကြက်ခွပ်ဖွေး"ရဲ့အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ မေးခွန်းမှာ အလျားလိုက် ဖော်ပြထားတဲ့ကဗျာကို အဖြေမှာ သူ့ကဗျာပုံစံအတိုင်း ဒေါင်လိုက်ပြန်ရေးရပါမယ်။ အဲဒီလိုဖြေဆိုရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

မေးခွန်း(၄)ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကိုမေးပါမယ်။ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ခေတ်ဆိုတဲ့ နောက်ခံကာလဝန်းကျင်ကို အကြောင်းပြုပြီး ပေါ်ထွန်းလာတဲ့ မြန်မာစာပေအထွေထွေကို ကဏ္ဍအလိုက် ပြုစုထားတဲ့ ပြဋ္ဌာန်းစာဖြစ်တယ်။

မေးခွန်း(၄)(က)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ ဖြစ်တယ်။ (၈)ခုမေးထားပြီး (၅)ခုဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့ စာပေဆိုင်ရာ အချက်အလက်တွေကိုမေးပါမယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့ တိတိကျကျ ဖြေရပါမယ်။ "ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း" လို့မေးထားရင် ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။ ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည် အဘယ်နည်းလို့မေးရင် "မဟာဆန်ချင်သူ ပြဇာတ်"လို့ဖြေရပါမယ်။ ဓားဝတ္ထုကလှုံ့ဆော်သော စိတ်ဓာတ်ကိုရေးပါဆိုရင် "အမျိုးသားရေး စိတ်ဓာတ်လို့" ဖြေရပါမယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့် မေးခွန်းတွေဖြစ်ပါတယ်။

မေးခွန်း(၄)(ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ချိုင့်ဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတသီချင်းများအကြောင်းကို လေ့လာတင်ပြပါ။ (သို့မဟုတ်) ကိုလိုနီခေတ် သမိုင်းနောက်ခံဝတ္ထုများအကြောင်းကို ဆွေးနွေးပါ။" ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့ စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်း ကျက်မှတ်ထားဖို့လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်းလေးပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာလေးအုပ်မှာ တစ်အုပ်ကို တစ်ပုဒ်မေးမှာ ဖြစ်ပါတယ်။ မေးခွန်းတွေကိုချန်ပြီး ခြွင်းပြီးဖြေရင် မအောင်နိုင်ပါဘူး။ ပြဋ္ဌာန်းစာလေးအုပ်ကိုလည်း ချန်ပြီး ခြွင်းပြီးကျက်လို့မရပါဘူး။ လေးအုပ်လုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဆွေးနွေးပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၈၉(အမ်)

မန်နေဂျာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(ရန်ကုန်)	**နှင့်**	ဒေါ်နုရီဘီ
တရားနိုင်		**တရားရှုံး**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၂၉၀တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် မတ်လ ၅ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊သီရိမင်္ဂလာရပ်၊ အမှတ်(၁၂၀)၊သရဖီလမ်း၊ ဦးပိုင်အမှတ်-၃၃၊ မြေဧရိယာ ၀ဒသမ ၀၄၆ ဧက၊ နှစ် ၂၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် အာရ်စီ၊အဆောက်အအုံ။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀။**

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇန်နဝါရီလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သင်းသင်းနွဲ့
တွဲဖက်တိုင်းတရားသူကြီး(၃)
မန္တလေးတိုင်းတရားရုံး။

27-1 (16).pmd 1 1/27/2009, 1:37 AM

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၉ ကော်လံ ၁ ✻

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း

ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်ဇနီးတို့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။